# ပုဂံသုတေသန
# လမ်းညွှန်

ဦးမိုကေ
(ပုဂံရှေးဟောင်းသုတေသီ)



သန်းဝင်းလှိုင်
(စီစဉ်တည်းဖြတ်သည်)

## ၁။ပုဂံဒေသနှင့် ဗုဒ္ဓသာသနိက ရှေးဟောင်းအဆောက်အအုံများ

မြန်မာနိုင်ငံအတွင်း ပုဂံညောင်ဦးဒေသတဝိုက်သည် စေတီပုထိုး၊ ဂူ၊ ကျောင်း စသော ရှေးဟောင်းအဆောက်အအုံများ အလွန်များပြားလှသဖြင့် အထူးစိတ်ဝင် စားဖွယ်ကောင်း သော ဒေသတစ်ခု ဖြစ်၏ ။

ဗုဒ္ဓသာသနာတော် မြန်မာနိုင်ငံသို့ ပြန့်ပွားထွန်းကား လာပြီးနောက် ခရစ်နှစ် ၁၀ ရာစုကာလတွင် ပုဂံခေတ်သည် အထူးစည်ပင် ထွန်းကား လာလေ၏ ။ ထိုအချိန်တွင် ပုဂံဒေသတဝိုက်၌ ဗုဒ္ဓသာသနာ ပိုမိုထွန်းကား အရှိန်ရလာခိုက်ကြုံသဖြင့် မင်းမှ စ၍ တိုင်းသူပြည်သားအားလုံးတို့ သည် စေတီပုထိုးများ ၊ ဂူ ဥမင်များ ၊ ကျောင်းများ တည်ထား ကိုးကွယ်ကြလေရာ ယခုအခါ ဤမျှများပြားသော ဗုဒ္ဓသာသနိက ရှေးဟောင်းအဆောက် အအုံများကို တွေ့ရှိနေရခြင်း ဖြစ်လေသည် ။

ဤပုဂံဒေသတဝိုက်တွင် စေတီပုထိုး၊ ဂူကျောင်းများကို တွေ့မြင်ရသူ အချို့တို့ သည် အဘယ်ကြောင့် ဤမျှများ စွာ တည်ရှိရပါသနည်းဟု မေးမြန်းတတ်ကြပေသည် ။ ထိုအမေး ကိုဖြေဆိုရန်မှာ အလွန်လွယ်ကူပါသည် ။ ထိုပုဂံခေတ်ကာလက ဤသို့တည်ထားနိုင်သော အင်အားရှိသည် ။ တည်ထားလိုသောသဒ္ဓါစိတ် ပြင်းပြစွာရှိသည့်ပြင် ဗုဒ္ဓသာသနာ စတင်

ထွန်းကားစခေတ်ကာလလည်း ဖြစ်သောကြောင့်ပင်တည်း။ တည်ဆောက်ရန်အတွက် ပစ္စည်းအင်အား လုံလောက်ခြင်းကို အရောင်ဟပ်သော ရှေးအစဉ်အလာ စကားတစ်ရပ် ဖြစ်သည့် မုဆိုးမသော်မှ ဘုရားတည်နိုင်သည် ဟူသောစကားမှာ ပုဂံခေတ်ကာလတွင် ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်တစ်ရပ်ကို အခြေပြု၍ ဆိုထားပေလိမ့်မည်။



ပုဂံတွင် 'သီရိအနိရုဒ္ဓဒေဝ'မည်သော အနော်ရထာမင်းကြီးလက်ထက် သက္ကရာဇ် ၄၁၉ ခုနှစ်လောက်တွင် မြန်မာနိုင်ငံ အောက်ပိုင်းဒေသဖြစ်သော ထိုစဉ်အခါက သုဝဏ္ဏဘူမိ မည်သော သထုံပြည်မှ ဗုဒ္ဓဘာသာသည် အလုံးအရင်းနှင့် ပုဂံဒေသသို့ ပျံ့နှံ့လာခဲ့သည် ။ အထူးသတိပြုရန်ရှိသည် မှာ ထိုသုဝဏ္ဏဘူမိမှ ဗုဒ္ဓဘာသာသည် ပုဂံဒေသသို့ အလုံးအရင်းနှင့် ပျံ့နှံ့မလာမီ ပုဂံ၌ ဗုဒ္ဓဘာသာ ရှိနှင့်ပြီးဖြစ်လေသည် ။ သရေခေတ္တရာပြည်

တိမ်ကောသွားပြီး နောက် ပုဂံပေါ်ပေါက်ခဲ့ရာ သရေခေတ္တရာမှ ဗုဒ္ဓဘာသာသည် ပုဂံတွင် ဆက်လက်တည်ရှိ နေလိမ့်မည်။ သုဝဏ္ဏဘူမိမှ ပြန့်ပွားလာသော ထေရဝါဒဗုဒ္ဓဘာသာသည် ပုဂံ၌ ရှိရင်းဗုဒ္ဓ ဘာသာကို အင်အားဖြည့်ဘိသကဲ့သို့ဖြစ်ခြင်း၊ ထိုအချိန်နှင့် တစ်ပြိုင်နက်လောက် အိန္ဒိယပြည် အရှေ့ပိုင်းမှ အနုပညာရှင်များ ဖြစ်သော ရုပ်ထုဆင်းတု ပြုလုပ်ခြင်း၊ ပန်းချီရေးခြယ်ခြင်း၊ အဆောက်အအုံ တည်ဆောက်ခြင်းစသောနည်းနာများ ပုဂံဒေသသို့ ရောက်ရှိလာခိုက် ဖြစ်ဟန်ရှိပါသည် ။

ထိုအခါတွင် ပုဂံ၌ သရေခေတ္တရာမှ အမွေအနှစ်များ ဖြင့်လည်းကောင်း၊ သုဝဏ္ဏ ဘူမိမှ ပြန့်ပွားလာသော ဗုဒ္ဓဘာသာထွန်းကားချက် အလုပ်အဆောင်များ ဖြင့် လည်းကောင်း၊ အိန္ဒိယ ပြည်အရှေ့ပိုင်းမှ ရောက်လာသော ယဉ်ကျေးမှုအနုပညာ နည်းနာများ ဖြင့်လည်း ကောင်း ပေါင်းစပ်ရောနှောသွားပြီးနောက် ပုဂံခေတ်လက်ရာ၊ ပုဂံခေတ်အလုပ်အဆောင်၊ ပုဂံခေတ်နည်း၊ ပုဂံခေတ်မှုဟူ၍ ဖြစ်ပေါ်လာဟန်ရှိပါသည် ။

အထက်ပါအချက်များကို ထောက်ထား၍ ပုဂံဒေသတွင် ရောင်ဝါတောက်ပ စည်ပင်လာသော ဗုဒ္ဓဘာသာအရှိန်အဟု န်သည် လည်းကောင်း၊ ပုဂံခေတ် အနုပညာလက်ရာ ဖြစ်ပေါ်လာခြင်းသည် လည်းကောင်း၊ ပုဂံသားတို့ ပစ္စည်းအင်အား လုံလောက်ခြင်းသည် လည်းကောင်း ဤအကြောင်းများကို ပေါင်းစပ်လိုက်သောအခါတွင် အနုပညာလက်ရာ အပြည့်နှင့် ရှေးဟောင်းစေတီပုထိုး၊ ဂူ ကျောင်းအဆောက်အအုံများ စွာတို့ ကို တွေ့မြင်ရခြင်း ဖြစ်ပေသည် ။ ထိုရှေးဟောင်းအဆောက်အအုံတို့ မှာ နှစ်ပေါင်း ၉၀၀ ခန့် ကြာမြင့်ခဲ့ပြီး ဖြစ်လေသည် ။

* * *

## ၂။အဆောက်အအုံ အရေအတွက်

ပုဂံတဝိုက်တွင် ရှိသော စေတီပုထိုး၊ ဂူ ကျောင်း စသည် တို့ မှာ အလွန်များ ပြား လေသည် ။ အရေအတွက် မည်မျှလောက် ရှိ ပါ သ န ည်း ဟူ ၍ စိတ်ဝင်စားသော လူတိုင်း လိုလိုပင် တွေးမိကြပေလိမ့်မည်။ ဤတွင် အရေအတွက်နှင့် ပတ်သက်၍ သံပေါက်တစ်ခု ရှိခဲ့၏ ။ ထိုသံပေါက်မှာ 'လှည်းဝင်ရိုးသံ၊ တညံ့ညံ့၊ ပု ဂံ ဘု ရား ပေါ င်း 'ဟူ ၍ ဖြစ်ပါသည် ။ ဤသံပေါက်မှာ တစ်ခါက ပုဂံဘုရားများ ၊ ဂူများ ၊ ပုထိုးများကိုရေတွက်သော ပုဂ္ဂိုလ်ပညာရှိက အရေအတွက်ကို မှတ်သားစိမ့်သောငှာ သံပေါက်စပ်ဆို ထားခဲ့ခြင်း ဖြစ်ပါသည် ။ ဤသံပေါက်တွင် ပါရှိသော ရှေ့မှ စကားခုနစ်လုံးဖြစ်သော 'လှည်းဝင်းရိုး သံ၊ တညံ့ညံ့'ကို ဂဏန်းချလိုက်သောအခါ လေးသန်း လေးသိန်း လေးသောင်း ခြောက်ထောင် ခုနစ်ရာ သုံးဆယ့်သုံး (၄၄၄၆၇၃၃) အရေအတွက် ဖြစ်လာတော့၏ ။



ဤမျှများ ပြားသော အဆောက်အအုံ စေတီပုထိုး စသည် တို့အတွက် တည်ရှိနေနိုင်ရန် ပုဂံတဝိုက် ပုဂံနယ်မြေအတွင်း မြေနေရာမရှိနိုင်ပါ။ ဤတွင် စကားချပ်တစ်ခု ဆိုဖွယ်ရှိပါ သေးသည် ။ ဤအရေအတွက်ကို နှစ်သက်သူအချို့က ဤလေးသန်းလေးသိန်းအစရှိသော အရေအတွက်မှာ စေတီပုထိုးတွင်းရှိ ရုပ်တု ဆင်းတုများ ၊ ပန်းချီပုံဘုရားများ စသည် အကုန်ရေတွက်ခြင်းဟု ဆိုတတ်ကြသေးသည် ။ ထိုအဆိုမှာ မရေတွက်နိုင်သော သဘာဝ ၊ မဖြစ်နိုင်သောသဘောကြောင့် စကားကတ်ပြောခြင်းဟု ထင်ရှားပါသည် ။ အချို့က တစ်ဖန် ဆိုကြပြန်သေးသည် ။ ထိုလေးသန်းလေးသိန်း အစရှိသော အရေအတွက်မှ 'ရွှေလသာ ဝါဝါဝင်း ပုဂံဘုရား မြစ်သို့ ရေချိုးဆင်း'အရ ၄၄၆ယ၄၄၄ အရေအတွက်မှာ ဧရာဝတီမြစ် ကမ်းပြိုရာမှ ပါသွားပြီဖြစ်သည် ဟု ဆိုပြန်ရာ ပုဂံခေတ်ကပင်

ဧရာဝတီမြစ်ကမ်းပါးတွင် တည်သော မြောက်ဘက်လားသော် ရွှေစည်းခုံ၊ တောင်ဘက်လားသော် လောကနန္ဒာ စေတီတို့ အကြား ပုဂံဒေသတည်ရှိရာ ဧရာဝတီမြစ်ကမ်းပါး ပြိုခြင်းမရှိသော ပထဝီ အနေအထားကြောင့် ထိုအဆိုကိုလည်း ပယ်ရပေလိမ့်မည်။

မူလဆိုလိုသော အရေအတွက် အမှန်အကန်ကို ဤ'လှည်းဝင်ရိုးသံ၊ တညံညံ၊ ပုဂံဘုရားပေါင်း' သံပေါက်တွင် ကြည့်သောအခါ သံပေါက်၏ ထုံးစံအတိုင်း (အစလေးလုံး၊ အလံသုံး၊ အဆုံးငါးခုနစ်) အစလေးလုံး၊ အလယ် သုံးလုံး၊ အဆုံးငါးလုံး၊ ခုနစ်လုံးဖြစ်ရာ အစလေးလုံးဖြစ်သော လှည်းဝင်ရိုးသံကိုသာယူ၍ ဂဏန်းချလိုက်သောအခါ ၄ယ၄၄၆ ဟူသော အရေအတွက်ကို ရလေသည် ။ ဤသည် သာ ထိုသံပေါက်စပ်ဆိုခဲ့ရာ ကာလက ရေတွက်ရရှိ သော အမှန်ဆိုလိုရင်းပင် ဖြစ်ပေသည် ။ ဤအရေအတွက်မှန်ကန်ကြောင်း ဆက်လက်၍ ဖော်ပြရန် ရှိပါသေးသည် ။

အင်း၀ မိုးညှင်းမင်းတရားလက်ထက် သက္ကရာဇ် ၈၀၀ ခန့်လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ လောက်က ပုဂံဒေသရှိ ဘုရားပုထိုးအရေအတွက်ကို ရေတွက်ကောက်ယူပြီး သင်္ကေတအဖြစ် 'ဝင်းဝင်းထိန်လျှံ ပုဂံဘုရားပေါင်း' ဟူ၍ မှတ်သားခဲ့လေသည် ။ ထိုအရေ အတွက်မှာ ၄ယ၄၇၄ ဖြစ်လေသည် ။

ထို့နောက် အခြားအမှတ်အသား ကဗျာတစ်ပုဒ်ကိုလည်း တွေ့ရပေသေးသည် ။ မည်သည့်ခေတ်ကကဗျာဟု အသေအချာ မသိသော်လည်း ကုန်းဘောင်ခေတ်ကာလမှ ကဗျာ ဖြစ်ဟန်တူ၏ ။ ထို က ဗျာ မှာ 'မြတ်ဘုရားဆူရေ၊ ဖြူရွှေလိုဝင်း။ ပုဂံပြည် ဘယ်တိုင်းဌာနေနှင့် စံမမှီလွန်ထင်ရှား၊ စောမုနိများ ' ဟူ၍ ဖြစ်ပါသည်

။ ဘုရားဆူရေကို 'ဖြူရွှေလိုဝင်း'ဟု မှတ်သားထားရာ နောက်မှ ရှေ့ပြန်၍ ဂဏန်းချသော် ၄ယ၄၄၅ ဖြစ်လေ သည် ။ 'လှည်းဝင် ရိုးသံ'နှင့် ဂဏန်းတစ်လုံးတည်းသာ ကွာခြားပုံကို စိတ်ဝင်စားဖွယ် တွေ့ရပေလိမ့်မည်။

ယခုအခါ အရေအတွက် မည်မျှရှိပါသနည်း။ မြန်မာနိုင်ငံတွင် ဗြိတိသျှတို့ လက်ထက် ကမ္ဘည်းကျောက်စာဌာန (ယခု ရှေးဟောင်းသုတေသနဌာန)မှ ပုဂံတဝိုက်ရှိ ရှေးဟောင်းအဆောက်အအုံးများကို လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်ကျော်က စာရင်း ကောက်ယူ မှတ်တမ်းတင်ခဲ့ဖူးလေသည် ။ ထိုအခါက အရေအတွက်မှာ ၂ယ၁၇၁ ဟု ဖော်ပြ ထားလေသည် ။ ထိုအရေအတွက်တွင် ကြွင်းကျန်သော အချို့အဆောက်အအုံများ ရှိသည် ကိုတွေ့ရသောကြောင့် ခရစ်နှစ် ၁၉၆၈ ခုမှ စ၍ စာရင်းသစ်တစ်ခုကို ယခင်စာရင်း ဟောင်း အမှတ်စဉ်များ နှင့်ညှို၍ ပြန်လည်ကောက်ယူခဲ့လေသည် ။ ယခု ပြီးစီးပြီဖြစ်သော စာရင်းအရ ပုဂံဒေသ တဝိုက်ရှိ ရှေးဟောင်းအဆောက်အအုံပေါင်း ၂ယ၂၁၇ (နှစ်ထောင့် နှစ်ရာတဆယ့်ခုနစ်) ခု ရှိလေသည် ။



ပုဂံဒေသတွင် ဘုရားစသော အဆောက်အအုံပေါင်း ၄ယ၄၄၅ ခုရှိစဉ်က ရေတွက်၍ အမှတ်အသားပြုသောအခါ လှည်းဝင်ရိုးသံ အစရှိသောသံပေါက်ဖြင့် မှတ်တမ်းတင်ခဲ့ သလို ယခု ၂ယ၂၁၇ ခုသော အရေအတွက်ကိုလည်း အလွယ်တကူ မှတ်သားနိုင်စိမ့် သောငှာ 'ကျောင်းကြီးအုတ်နီ၊ ကိန်းနှင့်ညီ၊ စေတီဂူဘုရား'ဟု မှတ်တမ်းတင်လိုက်ပါသည် ။ စင်စစ်သော်ကား ရှေးဟောင်းအဆောက်အအုံ အငယ်စားများ သည် ပျက်စီးယိုယွင်းကုန်သည် များ ၍ ယာခင်းများ ပြုလုပ်ခြင်း၊ အခြားသော အကြောင်းအမျိုးမျိုးများ ဖြင့် မူလ အဆောက်အအုံနေရာတွင် အုတ်အစအပုံပင် မကျန်အောင် ပျောက်ကွယ်သွားသည် များ လည်း ရှိလေသည် ။ ထိုသို့ ပျောက်ကွယ်သွားသော အ ဆော က် အ အုံ အ င ယ် စား များ မှာ မူလ အရေအတွက်၏ တစ်ဝက်နီးပါးမျှ ရှိပေလိမ့်မည်ဟု ခန့်မှန်းရလေသည် ။

'လှည်းဝင်ရိုးသံ' သံပေါက်စပ်သောခေတ်နှင့် 'ဖြူရွှေလို့ ဝင်း' အမှတ်အသားပြု သော ခေတ်တွင် လည်းကောင်း၊ အင်းဝမိုးညှင်းမင်းတရားလက်ထက် ခေတ်တွင် လည်း ကောင်း အရေအတွက် ၄ယ၄ဝဝကျော်ဖြစ်၍ ယခုအခါ ၂ယ၂ဝဝ ကျော်ကျန်ရှိရာ တစ်ဝတ်နီးပါးခန့် ပြိုပျက်သွားပြီဟု သိရလေသည် ။

အထက်ပါ အရေအတွက်များကို ထောက်ထားပြီး ပုဂံကောင်းစား ထွန်းကားစဉ် ကာလက ရှေးသူတော်ကောင်းတို့ တည်ဆောက်ခဲ့ကြသော စေတီပုထိုးဂူကျောင်း စသည် တို့ မှာ ပုဂံဒေသတဝိုက်တွင် အရေအတွက်အားဖြင့် ၅ဝဝဝ ခန့်ရှိမည်ဟု ခန့်မှန်းရ လေသည် ။

* * *

## ၃။ဒေသအကျယ်အဝန်းနှင့်ရှေးဟောင်း အဆောက်အအုံများ တည်နေရာ

ပုဂံကောင်းစား ထွန်းကားစဉ်ကာလက အရေအတွက် ၅၀၀၀ ခန့် တည်ရှိမည်ဟု ခန့်မှန်းထားသော ပုဂံဒေသ၏ အကျယ်အဝန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် ။

လက်ရှိပုဂံမြို့တောင်ဘက် လေးမိုင်ဝေးသော တွင်းရွာ၊ ၎င်းတွင်းရွာမှ အရှေ့ မြောက်ယွန်း လေးမိုင်ကျော်ဝေးကွာသော ကုန်းတန်းကြီးရွာ၊ ၎င်းကုန်းတန်းကြီးရွာမှ မြောက်ဘက်နှစ်မိုင်ခွဲခန့် ဝေးကွာသော တက်သေးရွာ၊ ထိုတက်သေးရွာမှ မြောက်ဘက် အရှေ့ယွန်း နှစ်မိုင်ကျော်ဝေးသော ကျောက်ဂူဥမင် တည်နေရာဒေသ၊ ၎င်းဒေသမှ မြောက်ဧရာဝတီမြစ်ကမ်းမှ အောက်ဘက်သို့ ကမ်းပါးအတိုင်း ၁၁ မိုင် တွင်းရွာသို့ ပြန်ရောက်သည် အထိ ပတ်လည်မိုင် ၂၀ ခန့်အကျယ်အဝန်းအတွင်း ဤရှေးဟောင်း အဆောက်အအုံများ ဖြစ်သော စေတီပုထိုးဂူကျောင်းများ တည်ရှိနေလေသည် ။

စေတီပုထိုး ဂူကျောင်းများ သည် အချို့နေရာတွင် အစုလိုက်၊ အပြုံလိုက်ပင် တည်ရှိ၍ အချို့နေရာတွင် ခပ်ကျဲကျဲတည်ရှိပါသည် ။ ထိုမိုင်နှစ်ဆယ်ခန့် ပတ်လည် အကျယ်အဝန်းအတွင်း ရွှေစည်းခုံစေတီ၊ မင်္ဂလာစေတီ၊ ဓမ္မရာဇကစေတီ၊ စေတနာကြီးပုထိုး စသော စေတီပုထိုးကြီးများ နှင့် ထီးလိုမင်းလို၊ ဂေါ်တော့ပလ္လင်၊ သဗ္ဗညု၊

အာနန္ဒာ၊ ဓမ္မရံကြီး၊ စူဠာမဏိစသော ဂူဘုရားကြီးများ သည် အခြားသော အရွယ်အစားစားရှိသော စေတီပုထိုး ကျောင်းများ အကြားမှ မားမားမတ်မတ် မြေမှ ပေါက်ထွက်လာဘိသကဲ့သို့ ထင်ရှားလှပေသည် ။

များ စွာသော အဆောက်အအုံများမှာ ပျက်စီးယိုယွင်း ပျော က် ကွ ယ် ၍ သွားပြီ ဖြစ်သော်လည်း ကျန်ရှိနေသေးသမျှ အရေအတွက် ၂၀၀၀ ကျော်တို့ သည် ပင်လျှင် ဤမိုင် ၂၀ခန့် ပ တ် လ ည်နေ ရာ၌ တ ည်ရှိနေ ကြ ပုံ မှာ အလွန်အံ့ဩ စိတ်ဝင်စားဖွယ် ကောင်းသည် နှင့် အမျှ ရှေးခေတ်အခါက ပုဂံသည် မည်မျှခမ်းနားခဲ့ပုံကို ဖော်ပြလျက်ရှိပေသည် ။

* * *


## ၄။ရှေးဟောင်း အဆောက်အအုံများ ၏ လက်ရှိအခြေအနေ

ပုဂံဘုရားဖူးများ သတိပြုမိသော အချက်တခုရှိလေသည် ။ ထိုအချက်မှာ များ စွာ သော စေတီဟောင်း၊ ဂူဟောင်းတို့ တွင် အထက်ကွန်းတောင်ခြေစေတီ သပိတ်မှောက်တို့ ၌ လည်းကောင်း၊ အတွင်းအူတိုင် မဏ္ဍိုင်တို့ ၌ လည်းကောင်း၊ ဂူတွင်းဆင်းတုကြီးငယ်တို့ တွင် ဗိုက်တော်ချက်တော် စသည် တို့ နှင့် ပလ္လင်တို့ တွင် လည်းကောင်း ဌာပနာပစ္စည်းများ ရှာဖွေသောသူတို့ ၏ လက်ချက်ကြောင့် တွင်းကြီးများ ၊ အပေါက်ကြီးများ ကျန်ရစ်သည် ကို တွေ့ရခြင်းပင် ဖြစ်လေသည် ။

ရှေးဟောင်းသုတေသနဌာနမှ ပြုပြင်ဖာထေးပြီးသော အဆောက်အအုံများ နှင့် ရပ်ရွာဒေသ ကုသိုလ်ရှင်များက ပြန်လည်ပြုပြင်ပြီးခဲ့သော စေတီပုထိုးများ တွင် ကား ထိုဌာပနာ ဖောက်ရာမှ ဌာပနာတူးရာတွင် တွင်းကြီးတွင်းငယ် အပေါက်ကြီးအပေါက်ငယ် တို့ ကို မတွေ့နိုင်တော့သော်လည်း မပြုပြင်ခင် ကာလကမူ ထိုဒဏ်ရာဒဏ်ချက်များ ဖြင့် မကင်းခဲ့သည် သာ များ သည် ။ အာနန္ဒာဂူတော်ကြီးကဲ့သို့ အဆောက်အအုံမျိုးပင် အလယ် မဏ္ဍိုင်ကြီးအခြေတွင် ဤကဲ့သို့ ဌာပနာတူးသောတွင်းကြီး ရှိခဲ့ဖူးသည် ဟု ကြားသိရ လေသည် ။

ဤကဲ့သို့ အပြုအမူမျိုးမှာ ညဘက်တိတ်တဆိတ် ခိုးကြောင်းခိုးဝှက် အလျင်အမြန် ပြုလုပ်၍ ရသော ကိစ္စမဟုတ်ချေ။ နေ့ခင်းအခါ

လူစုလူဝေးနှင့် သော်လည်းကောင်း၊ လူတစ်ယောက်ထက် ပို၍ သော်လည်းကောင်း ပါဝင်ပြီး အေးအေးဆေးဆေး ပြုမူကြသည် မှာ ထင်ရှားလေသည် ။ အချို့အဆောက်အအုံတို့ တွင် ကွန်းတောင်နှင့် သပိတ်မှောက်စေတီလုံး စသည် တို့ တွင် ငြမ်းဝါးဖြင့်ဆင်၍ တက်ပြီးမှ ဖောက်ထွင်းနိုင်ကြပေမည်။




ပုဂံမြို့ဟောင်းမြေပုံ

ဘယ်အခါကာလက ဤကဲ့သို့ ပြုမူခဲ့ကြသနည်းဟူသော

အကြောင်းနှင့်ပတ်သက်၍ ဖြစ်နိုင်သည့်အချက် ထင်ရှားခြင်းတစ်ရပ်မှာ ပုဂံဒေသတွင် ရှေးအခါ စစ်မက်ဖြစ်ပွားဆဲ ကာလ ရပ်ရွာနေသူတို့ ထွက်ပြေးတိမ်းရှောင်သွားကြ၍ လူသူကင်းဆိတ်ခိုက်တွင် သော်လည်းကောင်း၊ စစ်ဦးရောက်ခိုက် မင်းပြောင်းမင်းလွဲ မငြိမ်သက်ဆဲ ကာလမျိုးတွင် သော်လည်းကောင်း ဤကဲ့သို့ ပြုကြခြင်းဖြစ်တန်ရာသည် မှာ ထင်ရှားပါသည်။

ဤတွင် ဖော်ပြရန်အချက်တစ်ခုကား ဘုရားကြီးများကို ပြုပြင်ရန်ကိစ္စတွင် အုတ်အလိုရှိသဖြင့် ပြိုပျက်နေသော ဘုရားဟောင်း၊ ကျောင်းဟောင်းကိုဖျက်၍ အုတ်ယူ ခဲ့ဖူးသည် လည်း ရှိခဲ့ရာ ယခုအခါတွင် ဤကဲ့သို့ပုံသဏ္ဌာန်မပျက် မြေပေါ်ရှိ မည်သည့် အုတ်အကြွင်းအကျန်ကိုမှ ဘုရားပြင်ရန်အတွက် ဖျက်၍ မယူရန် တားမြစ်ထားပြီး ဖြစ်ပါသည်။

ကမ္ဘည်းကျောက်စာဌာနကို ခရစ်နှစ် ၁၉၀၂ ခုနှစ်တွင် ထူထောင်ပြီးနောက် ပုဂံဒေသတဝိုက်၌ ရှေးဟောင်းအဆောက်အအုံများကို တစ်စတစ်စ ပြုပြင်စောင့်ရှောက်လာခဲ့ရာ ယခု ခရစ်နှစ် ၁၉၇၈ ခုအထိ ရှေးဟောင်းစေတီ ပုထိုးစသော အဆောက်အအုံ ပေါင်းများ စွာကို ရှေးမူမပျက် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးခဲ့ပေပြီ။ ယင်းသို့ ပြုပြင်ထားသော အဆောက်အအုံများ အနက်တွင် ယခုမျက်မြင် အခြေအနေအတိုင်း ရှေးလက်ရာ မပျက်တည်နေသည့် ထုထည်ကြီးမားလှသော စူဠာမဏိ၊ ဓမ္မရံကြီး၊ ထီးလိုမင်းလိုစသော ဂူဘုရားကြီးများ နှင့် မင်္ဂလာစေတီ၊ ဓမ္မရာဇကစေတီ စသည် တို့ ပါဝင်လေသည်။ ရှေ့နှစ်များ တွင် လည်း ဆက်လက်၍ ပြုပြင်သင့်သည် တို့ ကို တိုးတက် ပြုပြင်သွားမည် ဖြစ်ပေသည်။

ပုဂံဒေသတဝိုက်ရှိ ရှေးဟောင်းအဆောက်အအုံတို့ ကို ယဉ်ကျေးမှုဌာန ရှေးဟောင်း သုတေသနဦးစီးဌာနမှ ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် အဓိကရည်ရွယ်ချက်မှာ ထိုအဆောက်အအုံတွင် ရှိသော ထူးခြားသောဗိသုကာလက်ရာ တည်ဆောက်ပုံလက်ရာနှင့် အင်္ဂတေပန်းများ ၊ နံရံကမ္ပည်းမင်စာများ ၊ နံရံရေး ပန်းချီများ ၊ အဆောက်အအုံ အတွင်းအပြင်ရှိ ရုပ်တုဆင်းတုစသော ရှေးလက်ရာများ ၊ ကမ္ပည်းကျောက်စာများ စသည် တို့ ကို မပျက်စီး စေရန် အဆောက်အအုံအား မိုးလုံလေလုံဖြစ်အောင် ဖာထေးခြင်း၊ အုတ်အစားဖြည့်ခြင်း၊ အင်္ဂတေ ကြားသိပ်ခြင်း၊ အင်္ဂတေအနားသတ်ခြင်း၊ လိုအပ်ပါက အဆောက်အအုံ အစိတ် အပိုင်းတို့ ကို ဖြည့်စွက်ခြင်း စသည့်ဆောင်ရွက်မှုများ ပြုလုပ်လေသည် ။ ဆောင်ရွက်ရာတွင် လည်း လက်ရှိအပျက်အစီးကို ဆက်လက်ပျက်စီးမှုမှ ရပ်တန့်သွားစေရန် ထိန်းသိမ်းခြင်းပင် ဖြစ်လေသည် ။

* * *

# ၅။ပုဂံဟူသောအမည်

ပုဂံဟု အဘယ့်ကြောင့်ခေါ်ဝေါ်ပါသနည်း။ များ သောအားဖြင့် 'ပျူဂါမ' မှ 'ပုဂါမ'၊ 'ပုဂါမ'မှ 'ပုဂံ' ဖြစ်လာခဲ့သည် ဟု ဖော်ပြလေ့ရှိကြသည် ။ ဤကဲ့သို့ ဖော်ပြခြင်းမှာ လည်း မှန်နန်းရာဇဝင်ကြီး စသည် များ တွင် အသရေခေတ္တရာပြည် ပျက်ပြီးနောက် သရေခေတ္တရာမှ ပျူအစုတို့ သည် တောင်ညိုအရပ်၊ ၎င်းနောက် ပန်း တောင်းသက်သာအရပ်၊ ထိုမှ မင်းတုန်းအရပ်၊ တဖန် ယုန်လွှတ်ကျွန်းအရပ်သို့ အဆင့် ဆင့်ပြောင်းရွှေ့လာခဲ့ကြပြီးနောက် ထိုယုန်လွှတ်ကျွန်းအရပ် ရွာပေါင်းတစ်ဆယ့်ကိုး ရွာ သားတို့ နှင့် သမုဒ္ဒရာဇ်မင်းသည် အရိမဒ္ဒနာမည်သော ပုဂံပြည်ကို တည်လေသည် ဟု ပါရှိခြင်းများကို အထောက်အထားပြု၍ ဖော်ပြကြခြင်းပင် ဖြစ်ဟန်ရှိလေသည် ။ တုရင် တောင်အရှေ့ ယုန်လွှတ်ကျွန်းဒေသတွင် လာရောက်တည်ထောင်သော ပျူအမျိုးစုတို့ နှင့် ရွာတစ်ဆယ့်ကိုးရွာဟူသော စကားပေါင်းစပ်၍ ပျူဂါမဟူသောအမည် ပေါ်ထွက်လာခြင်း ဖြစ်လေသည် ။

ရှေးပုဂံခေတ် ကျောက်စာများ တွင် 'ပုကံ'ဟူ၍ ရေးသားပြီး ပုဂံဟူသော အရေး အသားမှာ အလွန်နည်းပါးသည် ။ ပုဂံခေတ် ကျောက်စာများ တွင် သာမက ပင်းယ၊ အင်းဝ ခေတ်ကျောက်စာများ တွင် လည်း ပုကံဟူသော အရေးအသားမှာ များ ပြားပါသည် ။

ထီးလှိုင်ရှင် ကျန်စစ်သားမင်းကြီး (၄၄၆-၄၇၅) ရေးထိုးခဲ့သော

မွန်ဘာသာ ကျောက်စာများ တွင် ပုဂံ၏ အမည်ကို ပါဠိဘာသာတွင် 'ပေါကာမ'ဟု လည်းကောင်း၊ မွန်ဘာသာတွင် 'ပေါကာမ်' ဟု လည်းကောင်း ပါရှိသည် ကို အောက်ပါအတိုင်း တွေ့ရ လေသည် ။

ပြည်ရွှေဆံတော်မှ ကျန်စစ်သားအမိန့်တော် မွန်ကျောက်စာအငယ် ပထမ စာမျက်နှာ စာကြောင်းရေ ၂၅ နှင့် ၂၆ တွင် ...

ပေါကာမ္ဓ ဣမောအ် အရိမဒ္ဒနပူရ်

ထိုအနီးမှ ကျောက်စာကြီး ပထမစာမျက်နှာ စာကြောင်းရေ ၂ နှင့် ၃တွင် ...

ဥုင် ပေါကာမ္ဓ ဣမောအ် အရိမဒ္ဒနပူရ်

၄င်းကျောက်စာကြီး ဒုတိယမျက်နှာ စာကြောင်းရေ ၁၄ နှင့် ၁၅တွင် ...

ဥုင် ပေါကမ္ဓ ဣမောအ် အရိမဒ္ဒနပူရ်

ဤသို့ဖော်ပြရာ 'ဥုင် ပေါကာမ္ဓ ဣမောအ် အရိမဒ္ဒနပူရ်' = အရိမဒ္ဒနပူရ်မည်သော ပေါကာမ်မြို့ဟူ၍ အဓိပ္ပါယ်ရရှိလေသည် ။

ထိုကျောက်စာကြီး၏ ဒုတိယစာမျက်နှာ စာကြောင်းရေ ၂၀တွင် ပါဠိဘာသာ ဂါထာများ ၌ 'အရိမဒ္ဒနသဝ်္ဟေ၊ ပေါကာမေ နဂရုတ္တမေ'ဟူ၍ ပါရှိ၏ ။ အရိမဒ္ဒနဟု ဆိုအပ်သော မြတ်သော ပေါကာမမြို့၌ ...ဟု အဓိပ္ပါယ် ရရှိလေသည် ။

ထို့ကြောင့် ကျန်စစ်မင်းကြီးလက်ထက်တွင် ပုဂံကို 'ပေါကာမ= ပေါကာမ်'ဟု လည်းကောင်း၊ 'အရိမဒ္ဒနပူရ်'ဟု လည်းကောင်း ခေါ်ဝေါ်ကြောင်း အသေအချာ သိရလေသည် ။ ပေါကာမ်ဟူသောစကားမှ ပုကံဟု လည်းကောင်း၊ ပုဂံဟု လည်းကောင်း

ဖြစ်ပေါ်လာခဲ့သည် မှာ ကား ထင်ရှားပါသည် ။ ပေါကာမ်= ပေါကမ်= ပေါကံ= ပုကံ= ပုဂံ…ဤသို့ မှတ်သား သင့်လေသည် ။

ပုဂံဟု ဖြစ်ပေါ်ခဲ့သော ဤ'ပေါကမ်'ဟူသော အမည်၏ အဓိပ္ပာယ်မှာ မည်ကဲ့သို့ ရှိပါသနည်း။ တိကျသော အနက်အဓိပ္ပါယ်ကို ဖော်ပြရန်ကား ဆက်လက်၍ သုတေသန ပြုကြဖွယ် ရှိပေသေးသည် ။

ပုဂံခေတ် ကျောက်စာပေါင်း များ စွာတို့ တွင် လည်းကောင်း၊ နှောက်ခေတ် ကျောက်စာများ တွင် လည်းကောင်း 'ပုကံ'ဟူ၍ နေရာအများ အပြားတွင် ပါရှိရာ 'ပေါကာမ်'သည် ပုကံကိုပင်ဆိုလို၍ မွန်တို့ က ပေါကာမ်ဟု ခေါ်ဝေါ်ခြင်း ဖြစ်သလောဟု ထင်မှတ်လိုက ထင်မှတ်နိုင်ပါသည် ။ သို့သော် ထိုကျောက်စာတွင် ပင် ပါဠိစီကုံးရာ၌ 'ပေါကာမ'ဟူ၍ စီကုံးသည် ကိုလည်း မှတ်သားဖွယ်ရှိလေသည် ။

'ပု ဂါ မ န ဂ ရ 'ဟူ ၍ ကလျာဏီကျောက်စာတွင် ပါဠိစီသည် ကို ထော က် ၍ ပုဂါမ= ပုဂါမ်= ပုဂံဟု အမည်ဖြစ်ပေါ်လာပုံကို ယူဆကြသူများ ရေးကပင် များ ပြားခဲ့လေသည် ။ ပုဂါမသည် ပျူဂါမမှ ဖြစ်လာခြင်းကိုလည်း ဆက်စပ်ဖော်ပြခဲ့လေသည် ။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပုဂံခေတ်ကျောက်စာများ တွင် ပုကံဟူသော အရေးအသားကို တသမတ်တည်းလိုလို ရေးသားခဲ့ကြခြင်းကိုလည်း ထည့်သွင်း၍ စဉ်းစားရမည် ဖြစ်လေ သည် ။ ထို့ကြောင့် ပုဂံဟူသော အမည်အဓိပ္ပာယ်ကို သိရှိနိုင်ကြစေရန် ဆက်လက်ပြီး သုတေသနပြုရန် ရှိပေသေးသည် ။

အခြားကိုးကားဖော်ပြကြသော အထောက်အထားများ တွင် ပုဏ္ဏကာမဟူသော အမည်သည် လည်း ပါဝင်လေသည် ။ သက္ကရာဇ် ၅၆၅ ခုနှစ်တွင် ပေါင်လောင်ကဿပ မထေရ် ရေးသားသည် ဟု

အဆိုရှိသော 'ဖောဓိဝင်ဋီကာ'၌ ပါသော နိဂုံးဂါထာ နှစ်ဂါထာ တွင် ဖော်ပြထားချက် ဖြစ်၏ ။

သမ္ပုဏ္ဏဝတ္ထုကာမတ္တာ၊ ပုဏ္ဏကာမပုရန္တိစ

ဝိသုတံ ယံပုရံ ရမ္မံ၊ ပုရာနံ ပရမံ ပုရံ။

သုရဝိရနရာနန္တ၊ အရိမဒ္ဒန သီလိနံ

နိဝါသနဌာနတ္တာယ၊ ရိမဒ္ဒနန္တိ ဝိသုတံ။

အထက်ပါနှစ်ဂါထာကို ဆရာကြီးဦးဘေက အောက်ပါအတိုင်း ရှင်းလင်း ဖော်ပြဖူးသည် ။

ပြည်တကာတို့ ထက် မြတ်သောပြည်ဖြစ်သော နှလုံးမွေ့လျော်ဖွယ်ရှိသော အကြင်ပြည်သည် ပြည့်စုံသော ဝတ္ထုကာမရှိသည် ၏ အဖြစ်ကြောင့် ပုဏ္ဏကာမ ပြည်ဟူ၍ လည်း ထင်ရှားကျော်စော၏ ။

ထိုမှ တစ်ပါး ရဲရင့်ခြင်း၊ လုံ့လရှိခြင်းတို့ ကို ဆောင်ကုန်သော ရန်သူကို နှိမ်နင်းလေ့ရှိကြကုန်သော မင်းတို့ ၏ စံနေရာ နန်းတော်အိမ်တော်တို့ ၏ တည်ရာ ဖြစ်သောကြောင့် အရိမဒ္ဒနာဟူ၍ လည်း ထင်ရှားကျော်စော၏ ။

(မည်သည့်ဝတ္ထုပစ္စည်းမဆို အလိုရှိလျှင် ပြည့်စုံသောကြောင့် ပုဏ္ဏကာမ ဟူသောအမည်ဖြင့် ကျော်စောထင်ရှားသည် ဆိုလိုသည် ။)

အထက်ပါ ဂါထာနှစ်ဂါထာကို သက္ကရာဇ် ၇၀၄ ခုတွင် ရေးထိုးသော ပင်းယ ဆင်ဖြူငါးစီးရှင်၏ မ ယ် တော် မိ ဖု ရား ကြီး ၏ ပုဂံကျောင်း ကျောက်စာတွင် လည်း ဖော်ပြထားသဖြင့် အလွန်မှတ်သားဖွယ်ရာ ကောင်းလေသည် ။

ပုဏ္ဏကာမဟူသော ပါဠိစကားနှင့် ကျန်စစ်မင်းကြီးကျောက်စာများတွင် ပါရှိသော ပေါကာမ= ပေါကာမ်ဟူသော ပါဠိမွန်စကားနှင့်လည်း အသံတူနီးစပ်ခြင်း အနက်ဆီလျော် သလိုရှိပါသည် ။ သုတေသီတို့ ဆက်လက်သုတေသနပြုကြရန် တင်ပြပါသည် ။

* * *

## ၆။ပုဂံရှေးဟောင်း အဆောက်အအုံအမည်များ

ပုဂံဒေသ ရှေးဟောင်းအဆောက်အအုံ စေတီပုထိုးစသည် များ တွင် ရှေးကပင် ခေါ်ဝေါ်လာခဲ့ပြီး ယခုတိုင်တွင် သောအမည်များ နှင့် နောင်လူတို့ ကပေးကြသော အမည်များ ရှိလေသည် ။

ပုဂံခေတ် ကျောက်စာများ တွင် ပင် ပါရှိလေသောအမည်များကိုလည်း အချို့ ဆက်လက် ခေါ်ဝေါ်လျက်ရှိကြသည် ။ ဂူပြောက်၊ သဗ္ဗညု၊ တုရင်ပုထိုး၊ စည်စနာပုထိုး၊ ဓမ္မရာဇကပုထိုး၊ လောကနန္ဒာ၊ စည်းခုံ၊ အိမ်ရာကျောင်း၊ သမ္ဘူလ၊ ပန်းပွတ်ရပ်ပုထိုး၊ အလိုပြည့်၊ ရွှေဂူ၊ တိုင်းချွတ်စသည် များ ဖြစ်လေသည် ။ မှန်နန်းရာဇဝင်၊ ဦးကုလားရာဇဝင်၊ ပုဂံရာဇဝင် စသည် တို့ တွင် ပါရှိသော အမည်များ အနက် ဥပမာ-အာနန္ဒာ၊ သဗ္ဗညု၊ ဂေါဓော(တော့)ပလ္လင်၊ စူဠာမဏိ၊ ထီးလိုမင်းလို၊ မနူဟာ၊ နန်းဘုရား၊ မင်္ဂလာစေတီ၊ မင်းအိုချမ်းသာ၊ ပုထိုးသားများ ၊ ဗူးဘုရား၊ ရွှေစည်းခုံ၊ ရွှေသပိတ်၊ ဓမ္မရံကြီး၊ ရွှေဆံတော်(မဟာပိန္နဲ) စသော အမည်များကိုလည်း ထင်ရှားခေါ်တွင် လျက် ရှိလေသည် ။

ရှေးပုဂံခေတ် ရာဇဝင်များ တွင် ပါသော သိမ္မစည်း၊ ကြံမဖတ်၊ စိမ်းညက်၊ စိုးမင်းကြီး၊ တာမဏိ၊ ဆပဒ၊ အပယ်ရတနာ၊ ကွမ်းဆော်ကဲ့သို့သော အမည်များ လည်း ယခုတိုင် တွင် လျက်ရှိလေသည် ။



ပုဂံရာဇဝင်လာ အတ္ထုပတ္တိအကြောင်းအရာတို့ နှင့် ဆက်စပ်သည့် အချို့သော ဘုရားများ ၌ တွင် နေသော အမည်များ ရှိရာ ဥပမာ- ပေါက်ပင်ရာဘုရား၊ ဗျိုင်း၊ ဖွတ်၊ ဖား စသော စေတီများ ၊ နဂါးရုံ၊ ကျဆင်း၊ မင်းမျှော်ရာဇာ၊ ပြန်ကြည့်ဂူ...စသော အမည်များ ဖြစ်လေသည် ။

အဆောက်အအုံ၏ တည်နေရာ ပုံသဏ္ဌာန်အလိုက်တွင် သော အမည်များ လည်း ရှိရာ အင်းဘုရား၊ ဂူနီ၊ ဂူနီညီအမ၊ ကျောင်းကြီးညီအမ၊ ကုလား ကျောင်းညီအမ၊ လေးမျက်နှာ၊ ဖက်လိပ်၊ တဝက်ဘုရား၊ သုံးနယ်ခြားဘုရား၊ မီးမလောင်ကျောင်း စသည် များ ဖြစ်လေသည် ။

အချို့သော ရှေးဟောင်းဘုရားတို့ မှာ ရှေးကပင် အမည်ပေးခဲ့သည် မှာ မြတ်စွာဘုရား ၏ ဘွဲ့တော် ဝိသေသအခေါ်အဝေါ်များ ဖြစ်သည် ။

ဥပမာ-လောကထိပ်ပန်း၊ လောက ဥသျှောင်၊ လောကမှန်ကင်း၊ သယမ္ဘူ...စသော အမည်များ ဖြစ်လေသည် ။

အချို့သော အဆောက်အအုံတို့ တွင် ရှေးကပင် တစ်စုံတစ်ခုသော အကြောင်းအရာ အမှတ်အသားကို အစွဲပြု၍ ခေါ်ဝေါ်လာသည် လည်း ရှိပါသည် ။ ခေါ်တွင် ရသော အကြောင်းအရာကို တိကျစွာ မသိရသေးပေ။ ဥပမာ- ပဲနံ့သာဂူ၊ ဂူပိစပ်...အစရှိသော အမည်မျိုး ဖြစ်လေသည် ။

ကျောက်စာဝန်တော် စိန်ခိုလက်ထက် ဖွားစောရှာသူကြီး ပညာရှိဦးထွန်းဦးသည် ပုဂံဒေသတဝိုက် ဘုရားများကို အမည်ပေးသူတစ်ယောက်အနေဖြင့် အမှတ်အသား ရှိလေသည် ။ ဥပမာ မင်းနန်သူရွာမြောက်ဘက်ရှိ မဟာသမန်းကြီး ဂူဘုရားအတွင်း အုတ်ကျောင်းပျက်ကြီးမှ အင်္ဂရိတ်ဆရာ ဘုန်းကြီးတစ်ဦး အသုံးပြုခဲ့သော လုံကွဲများ တွေ့သောကြောင့် ပုဂံခေတ်က အစဉ်အလာရှိသည် ဟု ပြောဆိုကြသော အင်္ဂရိတ်ဆရာ အရှင်အဇဂေါဏနှင့် ဆက်စပ်ပြီး အဇဂေါဏဟု ရယ်ရွှင်စရာ အမည်ပေးခဲ့ရာမှ ယခုအထိ အမည်တွင် ၍ နေတော့သည် ။ တစ်ခါတရံ ပြက်ရယ်ပြုသောစကားကြောင့် အမည်မှာ အတည်ဖြစ်၍ နေလေသည် များ လည်း ရှိရာ ဥပမာ...မလုံးဖြစ်၊ လက်ပွတ်ကန်၊ သင်္ကန်းရုံ စသည် အ ဆော က် အ အုံ များ မှာ အရည်းကြီးတို့ နှင့်စပ်၍ ပြတ်ရယ်ပြောဆိုချက်မှ ထွက်ပေါ် လာသောအမည်များ ဟု ဖော်ပြကြလေသည် ။

ရှေးဟောင်းသုတေသနဌာနမှ ဒုတိယကမ္ဘာစစ်ကြီး မတိုင်မီက အချို့သော ရှေးဟောင်းအဆောက်အအုံများကို

တည်ရှိရာယာခင်းပိုင်ရှင် သို့မဟုတ် အနီးတွင် ယာလုပ် သူ၏ အမည်ကို အစွဲပြုပြီး ခေါ်ဝေါ်ခဲ့ကြရာ ဥပမာ... မောင်ယုန်ဂူ၊ မသူဇာဂူ၊ ငချေးညိုဂူ၊ ငလူးဂူ၊ ဘိုးဂလုန်ဘရား...စသည် များကို မင်းနန်သူနယ်တွင် တွေ့နိုင်လေသည် ။

အထက်ပါ အမျိုးအစားများ ဖြင့် ပုဂံဒေသတဝိုက်ရှိ ရှေးဟောင်းအဆောက်အအုံ များ ၏ အမည်များ ဖြစ်ပေါ်လာခဲ့သည် မှာ လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်၊ ခုနစ်ဆယ် အထက်ကဖြစ်ပါသည် ။ ယခုမူ အမည်သစ် ထပ်မံပေးခြင်းမရှိတော့ဘဲ ရှေးအမည်ဟောင်း ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ ရှေးဟောင်းသုတေသနမှ ပုဂံဒေသ ရှေးဟောင်း အဆောက်အအုံများ စာရင်း အမှတ်အသားများ ဖြင့် ထည့်သွင်းညွှန်းဆိုလျက် ရှိပေသည် ။

* * *

## ၇။ရှေးဟောင်းအဆောက်အအုံများ ပုံသဏ္ဍာန်

ပုဂံဒေသ ရှေးဟောင်းအဆောက်အအုံများ ပုံသဏ္ဍာန်နှင့်ပတ်သက်၍ အောက်ပါ အချက်အလက်များကို ရှေးဦးစွာ သိရှိထားသင့်လေသည် ။ မည်သည့် လက်ရာမဆို မှီငြမ်းပြုစရာ လက်ရာသဏ္ဍာန် အထောက်အထားရှိ၍ ၄င်းအထောက်အထားပေါ်မှ တဆင့် တက်ပြီး ကြံဆခြင်း၊ တီထွင်ခြင်း၊ မိမိသဘာဝ ပတ်ဝန်းကျင်နှင့် လျောက်ပတ်အောင် ပြုလုပ်ခြင်းများ ဖန်တီးကြရသော သဘောဓမ္မတာရှိမြဲပင်။ ဗုဒ္ဓဘာသာဆိုင်ရာ အဆောက် အအုံများ တည်ရှိသော အရှေ့တောင်အာရှ နိုင်ငံများ ဖြစ်သည့် မြန်မာ၊ ယိုးဒယား(ထိုင်း)၊ လော၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ အင်ဒိုနီးရှားစသော နိုင်ငံတို့ တွင် ရှေးဟောင်း ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အအုံတို့ သည် မူလပင်ရင်းဖြစ်သော ဗုဒ္ဓဘာသာပေါ်ပေါက်ရာ အိန္ဒိယနိုင်ငံနှင့် သီဟိုဠ်ကျွန်းတို့ တွင် ရှိသော ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အအုံပုံဏ္ဍာန်များကို အခြေခံနမူနာ 'စံ'ယူထားကြဟန်ရှိ၏ ။ မိမိတို့ ဒေသတွင် တည်ဆောက်သောအခါ ထိုလက်ရာ တည်ဆောက်ဟန်၊ တန်ဆာဆင်ဟန်တို့ ကို မိမိတို့ ဉာဏ်စွမ်းရှိသရွေ့၊ တတ်စွမ်း သရွေ့ တဆင့်တက်၍ ပြုလုပ်ထားခဲ့ကြခြင်း ဖြစ်၏ ။

ရှေးဦးစွာ ပုဂံခေတ်မတိုင်မီက သုဝဏ္ဏဘူမိတိုင်း သရေခေတ္တရာတိုင်းနှင့် ရခိုင်တိုင်း ဝေသာလီခေတ်တို့ တွင် ဗုဒ္ဓဘာသာ

အဆောက်အအုံများ စွာ ပေါ်ပေါက်ခဲ့ပြီးဖြစ်သည် ကိုလည်း မျက်ခြည်မပြတ်သင့်ပေ။ ထိုဒေသရှိ ထိုဆောက်အအုံတို့ ကို တည်ဆောက်ကြ သူတို့ မှာ အထက်ဖော်ပြခဲ့ပြီးသည့်အတိုင်း အိန္ဒိယ သီဟိုဠ်တို့ နှင့်လည်း အဆက်အသွယ် ရခဲ့ပြီးဖြစ်သည် ။ ပုဂံခေတ်ရောက်သောအခါတွင် ထိုသုဝဏ္ဏဘူမိ၊ သရေခေတ္တရာ၊ ဝေသာလီ ခေတ်တို့ က တည်ဆောက်ပုံ၊ တန်ဆာဆင်ပုံတို့ ကိုလည်းကောင်း နောက်ထပ် အိန္ဒိယ နိုင်ငံတွင် တိုက်ရိုက်ရေမြေ စပ်နေသော အရှေ့ပိုင်းနှင့် လည်းကောင်း၊ သင်္ဘောတို့ ဖြင့် သွားလာ၍ အိန္ဒိယတောင်ပိုင်းနှင့် လည်းကောင်း၊ သီဟိုဠ်နှင့် လည်းကောင်း ကူးလူးဆက် ဆံမှုများ ပိုမိုထွန်းကားသည် နှင့်အမျှ ထိုဒေသအသီးသီးမှ ဗုဒ္ဓဘာသာ အဆောက်အအုံများ တည်ဆောက်ထားပုံ တန်ဆာဆင်ထားပုံတို့ ကို မြင်တွေ့၍ အခြေခံရခဲ့၊ အတုယူခဲ့ကြမည်ဟု ယုံကြည်ရပေသည် ။

ပုဂံဒေသတွင် ယခုရှိသော အဆောက်အအုံများ တည်ဆောက်ပုံစသော ဗိသုကာ လက်ရာများ နှင့် တန်ဆာဆင်မှုတည်းဟူသော အနုပညာလက်ရာတို့ ကို လေ့လာသောအခါ အိန္ဒိယနှင့်သီဟိုဠ်ရှိ အဆောက်အအုံများ နှင့် မည်သည့်အဆောက်အအုံသည် မည်သည့် အဆောက်အအုံနှင့် အတိအကျပုံစံအတိုင်းပင်ဟု ဖော်ပြနိုင်ခြင်း လုံးဝမရှိသည် ကို တွေ့ရပေလိမ့်မည်။ အချို့သုတေသီတို့ ရေးသားခဲ့ဖူးကြသလို ပုဂံခေတ်အဆောက်အအုံများ သည် အိန္ဒိယတောင်းပိုင်း လက်ရာဖြစ်သည် ၊ မြောက်ပိုင်းလက်ရာဖြစ်သည် ဟု တိတိကျကျ ဖော်ပြရန် အထောက်အထား မတွေ့သေးပေ။

စေတီပုထိုးတွင် ပစ္စယာ အဆင့်ဆင့်ခံပုံ၊

သပိတ်မှောက်ခေါင်းလောင်းပုံ ထားပုံ၊ အပေါ်အထွတ် တင်ပုံများ နှင့် အိန္ဒိယ၊ သီဟိုဠ်၊ မြန်မာ၊ ယိုးဒယား၊ ကမ္ဘောဒီးယား စသောနိုင်ငံတို့ တွင် ရှိသော ဗုဒ္ဓဘာသာ စေတီပုထိုးတို့ တွင် အခြေခံတူသည့် ချည်းသာဖြစ်၍ အသေးစိတ် ပြုလုပ်သောအခါတွင် မူ ၎င်းတို့ တွင် ကိုယ့်နည်းကိုယ့်ဟန်များ သာ အမွှမ်းတင် ကြတော့သည် ။

မူ လ အ ခြေ ခံ ကို မူ တ ည် ၍ အဆင့်ဆင့်တက်လာသော ဗိသုကာပညာတိုးပွားမှုကို ပုဂံရှေးဟောင်း အဆောက်အအုံများ တွင် ပင် တွေ့မြင်ရပေလိမ့်မည်။ အဆောက်အအုံတွင် တစ်ထပ်ဆောက်ရာမှ နှစ်ထပ်ဖြစ်လာခြင်း၊ ပေါင်းကူးနိမ့်ပြီး အလင်းရောင်ဝင်ပေါက် နည်းသဖြင့် အတွင်းမှောင်ရာမှ ပေါင်းကူးမြင့်ပြီး အလင်းဝင်ပေါက်များ လာသဖြင့် အတွင်း သို့အလင်းရောင် လင်းလာခြင်းစသည့် အဆင့်ဆင့်အမျိုးမျိုးကို ပုဂံတွင် တွေ့နိုင်လေသည် ။

ပုဂံဒေသတွင် တွေ့ရှိရသော ရှေးဟောင်းအဆောက်အအုံများ တွင် ပုံသဏ္ဍာန် အားဖြင့် တည်ဆောက်ပုံ အမျိုးမျိုးရှိသော်လည်း အခြေခံအားဖြင့် အောက်ပါအတိုင်း ဖြစ်လေသည် ။

## တခဲနက်စေတီများ (စေတီရိုး)

ယင်းစေတီများမှာ ဂူပေါက်၊ မုခ်ပေါက် စသည့်အဆောက်အအုံပင် စေ တီ ၌ မပါရှိ၊ တခဲနက်အပိတ်ဖြစ်သည် ။ အောက်ခံပစ္စယာအဆင့်ဆင့်များ နှင့် သပိတ်မှောက် အထက်တွင် တစ်ဆင့်ပြီးတစ်ဆင့် အထွတ်တက်သွားလေသည် ။ ပစ္စယာအဆင့်ဆင့်များ ၏ နံရံကွက်လပ်များ ၌ ဗုဒ္ဓဝင်နိပါတ်ဇာတ်တော် ရုပ်ချပ်များကပ်၍ ထားတတ်လေသည် ။ ထိုအမျိုးအစားတွင် ရွှေစည်းခုံစေတီ၊ ရွှေဆံ တော်စေတီ၊ မင်္ဂလာစေတီ၊

ဓမ္မရာဇက (ဖွားစော)စေတီ စသော စေတီများ ပါဝင်လေသည် ။ ရုပ်ချပ်များ မပါရှိသော လောကနန္ဒာ စေတီ၊ တန့်ကြည့်တောင်စေတီ၊ တုရင်တောင်စေတီ၊ မြင်းကပါစေတီစသော စေတီ များ လည်း ဤအမျိုးအစားတွင် ပါဝင်လေသည် ။ အချို့စေတီတို့ တွင် ပစ္စယာမျက်နှာ၌ တက်စရာ လှေကားများ ပါရှိသည် ။ ပစ္စယာဆင့်များ မဟုတ်ဘဲ လေးထောင့်ဘောင်စောက် တိုက်ခံပြီး အပေါ်က စေတီပေါက်ထားသည် များ လည်း ရှိသည် ။

## အခြားတခဲနက်စေတီပုထိုးတစ်မျိုး (ထူပါ)

ဤ စေ တီ အ မျိုး အ စား မှာ အောက်ခံပစ္စယာဆင့်များ ပေါ်တွင် သပိတ်မှောက် ခေါင်းလောင်းပုံတင်ပြီး ထိုအပေါ်တွင် လေးထောင့်ခံပြီး လ ည် ပ င်း တ ပ် ၍ ထို့နောက် အပေါ်အထွတ်အဖြစ် အရစ်ရစ်ချွန်တက်သွားသည် ။ ထိုအမျိုးအစားတွင် စေတနာကြီး၊ တာမဏိထူပါကြီး၊ ဆပဒ၊ ဖြတ်စရွှေဂူမြောက်စေတီ၊ စိမ်းညက်အရှေ့စေတီ...စသော စေတီများ ပါဝင်သည် ။

အချို့ ဤအမျိုးအစား အဆောက်အအုံတွင် သပိတ်မှောက်ခေါင်းလောင်းပုံ အလုံး ကြီး၌ ကပ်၍ မုခ်ကပ်ဆောင်ငယ်များ ပါရှိပြီးလျှင် လှပသောအင်္ဂတေပန်းများ လည်း ပါတတ် သည် ။ ပစ္စယာဆင့်များ တွင် ထောင့်၌ စေတီငယ် သို့မဟုတ် ပန်းအိုးပုံများ ၊ ခြင်္သေ့ပုံများ လည်း ပြုလုပ်ထားတတ်တယ်။

ဤအမျိုးအစားတွင် ပါဝင်သော ပေပင်ကျောင်း၊ ဥပါလီသိမ် မြောက်ဘက်ရှိ ထူပါစသော အဆောက်အအုံများ တွင် ခေါင်းလောင်းပုံအလုံးကြီးမှာ တစ်ခဲနက် အပိတ်မဟုတ်ဘဲ အတွင်း၌ အခန်းများ ပါရှိသည် ။ အလုံးကြီးတွင် မုခ်ပေါက်တစ်ခုပါသည် ။

မုခ်ပေါက်တွင် မုခ်ဆောင်ထုတ်ထားသည် ။ အတွင်း၌ အလယ်ထောက် အုတ်တိုင်ခံ၍ လေးမျက်နှာတွင် ဆင်းတုတစ်ခုစီထားပြီး မုခ်လေးမုခ်၊ မုခ်ဆောင်လေးခု ထုတ်ထားသည် များ လည်း ရှိလေသည် ။

## ဗူးဘုရားကဲ့သို့ သဏ္ဌာန်ရှိသော ဘုရားများ


ထို အ မျိုး အ စား မှာ သ ပိ တ် မှော က် နေ ရာ ၌ ရှည်သောဗူးသီးပုံ ပါတတ်သည် ။ အပေါ်တွင် အရစ်ရစ်ချွန်တက်မသွားဘဲ ပြောင်ချောတက်သွားသည် ။ သီရိပစ္စယာရွာ အရှေ့မြောက်မှ ထူပါလေးဆူတန်းများမှာ ဤအမျိုးအစား ပါဝင်လေသည် ။

## သီရိပစ္စယာ ဖက်လိပ်ဘုရားနှစ်ဆူကဲ့သို့ အမျိုးအစား

အောက်ခြေလေးထောင့်တွင် ပေါင်းကူးမိုး၍ ပတ်လမ်းနံရံတွင် အကွက်အဆင့်များ ၊ အတွင်းက ဇာတ်နိပါတ်ချပ်များ ကပ်ထားသည် ။ အပေါ်တွင် ထူပါပုံအထွတ်ပါရှိ၍ ထူပါတွင် ဘေးက မုခ်ဆောင်ငယ်များ ပါသည် ။ ၎င်းပုံသဏ္ဌာန်မှာ အခြားနေရာတွင် မရှိချေ။

## အာနန္ဒာဂူတော်ကြီးကဲ့သို့ အမျိုးအစား

အလယ်လေးထောင့် မဏ္ဍိုင်ကြီး၏ လေးမျက်နှာတွင် ဆင်းတုများ ထား ၍ ၎င်းမဏ္ဍိုင်ကို ပတ်လည်လမ်းနှစ်ထပ်ဖြင့် ပြုလုပ်ထားသည် ။ လေးမျက်နှာ၌ မုခ်များကို အဆောင်ကြီးထုတ်ထားသည် ။ အပေါ်တွင် အဆင့်ဆင့်အမိုးများ နှင့်တကွ ကွန်းထောင်ပုံ အထွတ် ပြုလုပ်ထားလေသည် ။ ဂူအတွင်းအပြင်တွင် ဗုဒ္ဓရုပ်ပွားဆင်းတုများ ၊ ဗုဒ္ဓဝင် ဆိုင်ရာရုပ်ထုများ ၊ ဇာတ်နိပါတ်စသော ရုပ်ချပ် များ ဖြင့် နေရာအပြည့် တန်ဆာဆင် ထားသည် ။



ဓမ္မရံကြီး

## ဓမ္မရံကြီးကဲ့သို့ အမျိုးအစား

အဆောက်အအုံ ထုထည်ကြီးမားပြီး အလယ်လေးထောင့်မဏ္ဍိုင်၏ ယခုအရှေ့ဘက် မျက်နှာတွင် ဆင်းတုရှိပြီး မူလက ပတ်လမ်းနှစ်ထပ်ရှိသည် ။ (ယခု အတွင်းတထပ်ပိတ်၍ ထားသည် ။) လေးမျက်နှာတွင် အတွင်းပတ်လမ်းများ ထက်နိမ့်သော မုခ်ဆောင်ကြီးများ ထုတ်ထားသည် ။ ၎င်းမုခ်ဆောင်များ တွင် ဆင်းတုနှင့်ပလ္လင်ရှိတတ်သည် ။ ရှေ့ဘက် မုခ်ဆောင်တွင် အပေါ်ထပ်တက်ရန် လှေကားနှင့်တကွ အပေါ်တွင် လည်း လေးမျက်နှာ အဆောင်များ ထုတ်ထားပြီး အထွက်သို့တက်ရန် လှေကားများ စသည် ရှိလေသည် ။

# အတွင်းဆောင်အမှောင်ခန်းနှင့် အပြင်ဆောင်ရှိသော အဆောက်အအုံ အမျိုးအစား

ယင်းအမျိုးအစားမှာ ပုထိုးသားများ ၊ မြင်းကပါဂူပြောက်ကြီး၊ ဖြတ်စရွှေဂူ၊ နဂါးရုံ၊ အပယ်ရတနာ၊ ဝက်ကြီးအင်းဂူပြောက်ငယ်စသော အဆောက်အအုံများ ပါဝင် လေသည် ။ အတွင်းခန်းမှာ မဏ္ဍိုင်မဟုတ် ဆင်းတုထားရာ အခန်းဖြစ်သည် ။ ထိုအခန်းကို ရံ၍ ထားသော ပတ်လမ်းရှိသည် ။ ကျောက်အုတ်ဖြင့်ပြုလုပ်သော လေသာအပေါက်ပါသော ပြတင်းပိတ်များမှ အလင်းရောင် အနည်းငယ်ရသည် ။ အချို့ကျောက်ပြတင်းတို့ မှာ ကျောက်ဆစ်လက်ရာတို့ ဖြင့် လှပစွာပြုလုပ်ထားသည် ။ ရှေ့ဆောင်ကျယ်ဝန်း၍ ၄င်းရှေ့ ဆောင်မှ အပေါ်အဆင်ဆင့်များ ပေါ်သို့တက်ရန် လှေကားအိမ်ပါသည် ။ အပေါ်အဆင့်များ တွင် ဒေါင့်စေတီ သို့မဟုတ် တိုက်ငယ်ခံစေတီပေါက် ကွန်းထောင်ပေါက်များ ရှိသည် ။

ဤအမျိုးအစားအပါအဝင် ပုထိုးသားများ ၌ အပေါ်တွင် လေးမျက်နှာဆင်းတု ထားရာ အဆောင်ငယ်များ ပါရှိပြီး မြင်းကပါဂူပြောက်ကြီး ၏ ရှေ့ဘက်မျက်နှာတွင် တစ်ဆောင် သပ်သပ်ရှိပါသည် ။

ဤအမျိုးအစားတို့ ၏ အပေါ်အထွတ်များမှာ ကွန်းထောင်ပေါက်များ သာ များ သည် ။ ပုထိုးသားများ နှင့် အပယ်ရတနာတွင် မူ ထူပါပေါက်ဖြစ်လေသည် ။

ဤအမျိုးအစားမျိုးနှင့် ဆင်တူ၍ ထည့်သွင်းရမည်ဖြစ်သော

လောကမုနိ မြေဘုံသာ ဘုရားတွင် မူ အတွင်းဆင်းတုခန်းအစား မဏ္ဍိုင်အုတ်တိုင်ထောက်ထားပြီး ထိုအုတ်တိုင်၏ လေးမျက်နှာတွင် ဆင်းတုများ ပြုလုပ်ထားလေသည် ။ အလိုပြည့်ဂူနှင့် တောင်ဘီလူးအနောက် မွန်စာရှိသော ဂူများမှာ လည်း ထို့အတူ ဖြစ်လေသည် ။



၁၇၈၄ ခုနှစ်က ပြန်လည် တည်ဆောက်ခဲ့သော ပိဋကတ်တိုက်

## အတွင်းဆောင်နှင့် အဝင်မုခ်ဆောင် ဆက်၍ နေသော အဆောက်အအုံ အမျိုးအစား

လောကထိပ်ပန်းကဲ့သို့ ဂူမျိုးတွင် အတွင်းဆောင်၌ ပလ္လင်နှင့်ဆင်းတုကြီး၊ ၄င်းရှေ့က မုခ်ဆောင်တဆက်တည်း ပါရှိပါသည် ။ အပေါ်ဆင့်တက်ရန် လှေကားအိမ်မှာ ဆ င်း တု ၏ ရှေ့လက်ဝဲ (သို့မဟုတ်) လက်ယာနံရံမှာ ရှိသည် ။ ဆင်းတုနောက်နှင့်

ဘေးတစ်ဘက် တစ်ချက်တွင် နောက်ဆုတ်ထားသော ပြတင်းပေါက်ဆောင်များ ရှိသည် ။ ထိုအမျိုးအစားမှာ အပေါ်တွင် ကွန်းထောက်ပေါက်များ အများ အပြားပါရှိသည် ။

## မြင်းပြဂူကဲ့သို့ အမျိုးအစား

အောက်ခြေနိမ့်နိမ့် လေးထောင့်တိုက်ပေါ်တွင် စေတီကြီးပေါက်ထားသည် ။ လေး ထောင့်တိုက်မှာ အပြန့်ကျယ်၍ မုခ်ဆောင်များ ပါသည် ။ စေတီအောက်တည့်တည့်တွင် မဏ္ဍိုင်ခံပြီး ဆင်းတုထားရာ အဆောင်ငယ်ရှိသည် ။ ၄င်းပတ်လည်တွင် ဆင်းတုများ ထားရှိ သည် ။ မုခ်ဆောင်များ အပေါ်တွင် လည်း အထက်ဆောင်တစ်ဆောင် ပါရှိပြန်လေသည် ။ ဤအမျိုးအစားများမှာ အတွေ့ရနည်းသည် ။

## မြင်းပြဂူအနီး ရှစ်မြှောင့်စေတီအမျိုးအစား

အောက်ခြေရှစ်မြှောင့် တိုက်မြင့်မြင့်တွင် အပေါ်ကစေတီ ပေါက်ထားသော အဆောက်အအုံမျိုးဖြစ်သည် ။ တစ်မျက်နှာတွင် ဆင်းတုထားရန် အဆောင်ထုတ်၍ ထားဟန်လည်း ရှိသည် ။

## ပိဋကတ်တိုက်ကဲ့သို့ အမျိုးအစား

အတွင်းခန်းပတ်လမ်းနှင့်တကွ တိုက်မပေါ်တွင် အဆင့်ဆင့်တက်သော အမိုးပါရှိ သည် ။ အဆောက်အအုံရှေ့တွင် လက်ရုံးနှင့်လှေကားများ ပါရှိသည် ။ ပိဋကတ်တိုက်မှာ နောက်ထပ်ပြင်ဆင်သော လက်ရာများ လွှမ်းမိုးနေ၍ အမျိုးအစား သီးခြားဖြစ်၍ နေလေသည် ။

အတွင်းဆောင်တွင် နှစ်ဘက်နှင့် နောက်ဘက်မှ ဝင်ရန်

မုခ်ဆောင်ပါသော အဆောက်အအုံအမျိုးအစား

ဤအမျိုးအစားတွင် တိုက်မနှင့် ရှေ့ဆက်အဆောင်ပါရှိရာ ရှေ့မျက်နှာစာမှ အဝင်ပေါက်ကြီးနှင့်တကွ ထိုရှေ့ဆောင်တွင် ပင်ဝဲယာအဝင်ပေါက်များ ပါရှိသည် ။ ဆင်းတု ရှိရာ တိုက်မတွင် လည်းနောက်ဘက်မှ လည်းကောင်း၊ ဘေးနှစ်ဘက်မှ လည်းကောင်း အဝင်မုခ်ဆောင်များ ပါရှိသည် ။

အလယ်မဏ္ဍိုင်တွင် ရှေ့မျက်နှာစာက ဆင်းတုကြီး၊ အနောက်က လျောင်းတော်မူ (ပရိနိဗ္ဗာန်) စသည် ဖြင့် ပါတတ်သည် ။ မဏ္ဍိုင်ဘေးနှစ်မျက်နှာတွင် အချို့ဆင်းတုရှိသည် ။ အချို့မရှိပေ။ ဘေးနှစ်မျက်နှာ မဏ္ဍိုင်တွင် ကပ်၍ ရပ်တော်မူဆင်းတုကြီးများ ရှိတတ်သည် ။

ဤအမျိုးအစားတွင် အပေါ်ဆင့်တက်ရန်မှာ တိုက်မမှ သော်လည်းကောင်း၊ ရှေ့ ဆောင်မှ သော်လည်းကောင်း လှေကားအိမ်ပါတတ်သည် ။ ဤဂူမျိုးကို အောက်ခံအုပ်ခုံ ကြီးနှင့်လည်း တည်လေ့ရှိလေသည် ။ အုတ်ခုံတွင် အတွင်းတစ်မျက်နှာမှ အခန်းထွင်းထား သည် လည်း ရှိသည် ။

## ရှေ့ဆောင်သပ်သပ်မပါသော မုခ်လေးမျက်နှာ ဂူအမျိုးအစား

ထိုအမျိုးအစားမှာ အလယ်မဏ္ဍိုင်၏ လေးမျာနှာတွင် ဆင်းတုများ ရှိ ၍ လေးမျက်နှာ မုခ်ပေါက်များ ပါရှိသည် ။ အပေါ်တွင် စေတီပေါက်ကွန်းထောက်ပေါက် အမျိုးမျိုးရှိ၍ အပေါ်တက်ရန် လှေကားမပါတတ်။ ဤအမျိုးအစားတွင် ဂူတစ်လုံးကို အောက်က အုတ်ခုံကြီးခံ၍ လည်း တည်တက်သည် ။ အချို့အုတ်ခုံအောက်

ဘေးတစ်မျက်နှာမှ အတွင်း ဝင်နိုင်သော အခန်းလည်း ရှိတတ်သည် ။

## ရွှေဂူကြီးကဲ့သို့ အမျိုးအစား

အောက်ခံခုံမြင့်ကြီးပေါ်တွင် ဂူတည်သည် ။ ဂူမျက်နှာစာအတွက်ပါ အောက်ခံခုံမြင့် ကြီးကို ကျယ်ကျယ်ဆောက်ပေးထားသည် ။ ရှေ့ဆောင်ကျယ်ဝန်ပြီး အတွင်းဆောင်တွင် လည်း တိုက်ခန်းနံရံကပ် ဆင်းတုကြီးနှင့် အခြားသုံးမျက်နှာ၌ ဆင်းတုငယ်များ ထားရန် မုခ်ကပ်ငယ်များ ရှိသည် ။ တိုက်မ၏ အတွင်းဘေးနံရံဆင်းတုကြီး ဝဲယာရှေ့ဘက်တွင် နံရံ၌ ထွင်းထားသော အခန်းငယ်များ ရှိသည် ။ ရှေ့ဆောင်တွင် အပေါ်ဆင့်တက်ရန် လှေကားအိမ်ရှိသည် ။

## သံတော်ကြားကဲ့သို့သော ဆင်းတုတိုက်အမျိုးအစား

ဆင်းတုကြီးများ ထားရန် လုံလောက်သော တိုက်အမျိုးအစားဖြစ်သည် ။ သံတော် ကြားတွင် မူ အမိုးအထက်၌ ပျက်စီးသွားသဖြင့် မည်သို့ပြုလုပ်သည် ကို မသိနိုင်တော့ချေ။ ပလ္လင်တံကဲနှင့်တကွ ဆင်းတုကြီးထားရန် ဆင်းတုတိုက်မျိုး အ ရွ ယ် အ စား စား မှာ ဤအမျိုး အစားတွင် ပါဝင်သည် ။ အချို့ဆင်းတုတိုက်ပေါ်တွင် စေတီပေါက်ထားသည် ။

## နတ်လှောင်းကျောင်းကဲ့သို့ အမျိုးအစား

အတွင်းဆောင်သာကျန်တော့သော နတ်လှောင်းကျောင်းကဲ့သို့ အမျိုးအစားမှာ လည်း ဤတစ်ခုတည်းပင်ရှိသည် ။ အချိုင့်များ ၊ အဆောင်ပတ်လည်နှင့် အတွင်းဆောင် ပတ်လည်တွင် နတ်ရုတ်များ ထားရန် အချိုင့်များ ထို့အတူရှိသည် ။ အတွင်းဆောင်ဟု ဆိုရသော်လည်း အရှေ့အခန်းမှ အတက်လှေကားရှိသဖြင့် အသေအချာ

မဖော်ပြနိုင်ချေ။

## စဉ့်သုတ်အုတ်များ သုံးသော အဆောက်အအုံအမျိုးအစား

ငကျွဲနားတောင်းနှင့် အလိုပြည့်ဘုရားများ အနီးရှိ စဉ့်ပုထိုးတို့ တွင် စဉ့်သုတ်အုတ် များကို အသုံးပြုထားသဖြင့် အဆောက်အအုံအနေဖြင့် အမျိုးအစား သပ်သပ်မဟုတ် သော်လည်း သီးခြားဖော်ပြသင့်သည် ။ မင်္ဂလာစေတီကြီး၏ စေတီရံများ တွင် လည်း စဉ့်သုတ် အုတ်ချပ်များ စီထားသည် ။

## မနူဟာဂူဘုရားကြီး အမျိုးအစား

မနူဟာဂူဘုရားကြီးမှာ ပုံသဏ္ဌာန်အားဖြင့် အခြားဘုရားများနှင့်မတူ တမူသီးခြား ဖြစ်သည် ။ နှစ်ဆင့်အဆောက်အအုံ လေးထောင့်ဖြစ်၍ အောက်ဘက်တွင် ရှေ့မျက်နှာစာ၌ အလွန်ကြီးသော ဆင်းတုသုံးဆူအတွက် နေရာပေးထားပြီးလျှင် နောက်ဘက်၌ လျောင်းတော်မူ ဆင်းတုကြီးအတွက် နေရာပေးထားလေသည် ။ အပေါ်ဆင့်တွင် လေးထောင့်ပုံစေတီများ ရှိသည် ။ မူလကတည်းကပင် ထိုပုံအတိုင်းပင်လောဟု အသေ အချာမဖော်ပြနိုင်ပေ။ ပြင်ဆင်သောအကြိမ် များ ဟန်ရှိသည် ။

## နန်းဘုရားအမျိုးအစား

အတွင်းဆောင်နှင့် ရှေ့ဆောင်ပါဝင်သည် ။ အပေါ်ဆင့်သို့တက်ရန် လှေကားအိမ် မပါ။ အတွင်းဆောင်တွင် မူလက အလယ်တွင် ဆင်းတုရှိသည် ။ ဆင်းတုကိုရံ၍ လေးထောင့် တိုင်ကြီးလေးခု အပေါ်မျက်နှာကြက်ကို ထောက်ထားသည် ။ တိုင်များ တွင် ဗြဟ္မာပုံနှင့် ပန်းပုံစံများကို ဆစ်ထုထားသည် ။ အဆောက်အအုံ အပြင်ဘက်တွင်

ကျောက်များ အပြည့်စီ၍ ဘီလူးပန်းဆွဲ၊ ထောင့်ပန်း၊ တိုင်ဖုံး၊ ကျောက်ဆစ်ပန်းများ ရှိသည် ။ ပတ်လည်၌ ဟင်္သာပန်းခွေ ကျောက်ဆစ်များ ရှိသည် ။ အတွင်းဆောင်မှ ကျောက်ပြူတင်းပေါက်များ ၏ အ ပြ င် နံ ရံ ၌ လှပသော ကျောက်ဆစ်လက်ရာများ ပြုလုပ်ထားသည် ။ အထွတ်သီခရမှာ လည်း ကျောက်ဆစ်များ မွမ်းမံထားသော ကွန်းထောင်ပုံဖြစ်သည် ။ ပုဂံဒေသတွင် ဤအမျိုးအစား ဤအဆောက်အအုံ တစ်ခုသာရှိသည် ။

## ကျောက်ဂူဥမင် အမျိုးအစား

မြေမာကမ်းပါးကို ဥမင်ခန်းများ ဖောက်၍ အပြင်မျက်နှာစာကို အုတ်အဆောက်အအုံ နှစ်ထပ်တိုက်ကြီး လုပ်ထားသည် ။ အောက်ခန်းတွင် ကြီးမားသော ဆင်းတုတော်ကြီး တစ်ဆူနှင့် ပတ်လည်နံရံအချိုင့်လိုဏ်ငယ်များ တွင် ဗုဒ္ဓဝင်အခန်းခန်းကို ဖော်ပြသော ကျောက်ဆင်းတုများ နှင့် ရိုးရိုးဗုဒ္ဓဆင်းတု များ စွာပါရှိသည် ။ ၄င်းတိုက်ကြီးတွင် အတွင်း မှ အုတ်၊ အပြင်က ကျောက်များ အပြည့်စီထားပြီး ဘီလူးပန်းဆွဲစသော ကျောက်ဆစ်လက်ရာ ကျောက်ပြတင်းများ ရှိသည် ။ ပုဂံဒေသတွင် ဤအမျိုးအစားမှာ လည်း ဤအဆောက်အအုံ တစ်ခုသာရှိသည် ။



သမီးဝှက်ဥမင်

# ဥမင်များ

မြေမာကမ်းပါးကို အခန်းခန်းတူးဖောက်၍ အချို့မျက်နှာစာတွင် အုတ်အဆောက် အအုံများ ပြုလုပ်ထားသည် ။ အချို့ ဥမင်အခန်းများ တွင် ဆင်းတုများကို မြေမာဖြင့်ပုံထု၍ အပေါ်မှ အင်္ဂတေဖုံးကျံ၍ ထားသည် ။ ကျန်စစ်သားဥမင်၊ သမီးဝှက်ဥမင်၊ မြားသဥမင်နှင့် ငှက်ပစ်တောင်ဒေသတဝိုက်ရှိ ဥမင်များမှာ ထိုအမျိုးအစားတွင် ပါဝင်သည် ။ မူလအဆောက် အအုံများမှာ မြေမာကမ်းပါးတွင် လည်းကောင်း၊ ကုန်းစွန်းတွင် လည်းကောင်း အတွင်းဘက် ဆီသို့ အခန်းများ နှင့် အဆက်အသွယ် လမ်းများ တူးဖောက်ပြီးနောက် ရှေ့မျက်နှာစာတွင် အုတ်စီနံရံမျိုးနှင့် အဆောက်အအုံများ ပြုလုပ်ထားသော အမျိုးအစားဖြစ်သည် ။ အချို့မြေကို ချိုင့်တူးပြီး

လေးထောင့်ချိုင့်နံရံများမှ အတွင်းဘက်သို့ ဥမင်တူးသည် ။ နန္ဒာမညာဥမင် ကဲ့သို့သော အမျိုးအစားဖြစ်သည် ။



မှန်ရိုလေးသည်တော်

## နှစ်ထပ်တိုက်ဂူ ဘုရားကြီးများ

အောက်ထပ်တိုက်မကြီးမှ တဆင့် အပေါ် ထပ်တိုက်မသို့ လှေကားဖြင့်တက်ရပြီး အောက်ထပ် တိုက်မကြီးတွင် လည်းကောင်း၊ အပေါ်ထပ်တိုက်မ ကြီးတွင် လည်းကောင်း ဆင်းတုကြီးများ ထားရှိသည် ။ နှစ်ထပ်စလုံး၌ ဆင်းတုငယ်များကိုလည်း ထားရှိသည် ။ အထက်တိုက်မမှ အထက်အဆင့်ဆင့် သို့တက်ရန် လှေကားရှိပြီး ထိုမှ အထက် ကွန်းထောင် အခြေအထိတက်နိုင်သည် ။ အောက်ထပ်နှင့် အထက် ထပ်အကြား အတွင်းပတ်လမ်းအဖြစ် အလယ်မဏ္ဍိုင် ကို ပတ်၍ လုပ်ထားသော လမ်းများ ရှိသည် ။ သဗ္ဗညု ဂူတော်ကြီး၊ စူဠာမဏိ၊ ကန်တော့ပလ္လင်၊ ထီးလိုမင်း လိုစသော ဂူဘုရားကြီးများ

သည် ဤအမျိုးအစားတွင် ပါဝင်သော်လည်း တစ်ဆူစီ၏ လက်ရာမှာ အသေးစိတ်တွင် သီးခြားအနေဖြင့် ကွဲလွဲကြသေးသည် ။

## နှစ်ထပ်တိုက်ဂူ ဘုရားအလတ်စားများ

ဓမ္မရံကြီးအနီး ဂူနီညီအစ်မ၊ သပိတ်မှောက်၊ ရွာဟောင်းကြီး၊ နွားပြဂူ၊ မီးငြိမ်းကုန်း၊ ကျဆင်း၊ သူဋ္ဌေးမုခ်ဂူ၊ တရုတ်ပြေး၊ သစ္စဝတီ၊ ရွာဟောင်းကြီး လောကမှန်ကင်းစသော အဆောက်အအုံများ သည် နှစ်ထပ်တိုက်ဂူ ဘုရားများ ဖြစ်သည် ။ အောက်ထပ်အပေါ်ထပ် ခွဲခြား၍ နှစ်ထပ်တည်ဆောက်ထားသည် ။ အထပ်ထပ်တွင် ပစ္စယာအဆင့်များ ၊ ရှေ့ထွက် အပြင်ဆောင်များ ၊ ကွန်းထောင်ပေါက်အထွတ်စသဖြင့် တူညီကြသော်လည်း နှစ်ထပ်ဂူ ဘုရားကြီးများကဲ့သို့ပင် ထိုနှစ်ထပ်ဂူဘုရားလတ်တို့ မှာ လည်း အသေးစိတ်တည်ဆောက်ပုံ လက်ရာမှာ တစ်ခုနှင့်တစ်ခုမတူပေ။ ဥပမာ...(မြင်းကပါ)ကျဆင်းဂူတွင် အ ထ က် ထ ပ် ၏ အောက်တွင် အတွင်းပတ်လည်ခန်းအဖြစ် ကျယ်ကျယ်ဝန်းဝန်း ပါရှိလေသည် ။ ဤနှစ်ထပ် တိုက်ဂူဘုရား အကြီးစားများ နှင့် အလတ်စားအချို့တွင် အထပ်ထပ်မှ တဖန်အပေါ်ဆင့် များ သို့တက်ရန် လှေကားရှိလေသည် ။

## ငါးမျက်နှာ မုခ်ငါးမုခ် ဂူဘုရားများ

၄ င်း ဂူ ဘု ရား များ မှာ ရှေ့မုခ်ဆောင်မပါပဲ အလယ်မဏ္ဍိုင် ငါးမြှောင်နောက်ခံတွင် ဘုရားများ ထား၍ မုခ်ပေါက်ငါးခုရှိသည် ။ အထက်စေတီပေါက် ထူပါပေါက်များ ပါရှိသည် ။ ထင်ရှားသည် တို့ မှာ မင်းနန်သူမြောက်တွင် တစ်ခု၊ ရွှေစည်းခုံအနားတွင် တစ်ခု၊ ဥပါလိသိမ်အနီး အိမ်ရာကျောင်းဂူတစ်ခု၊ မင်္ဂလာ စေတီအနီးတစ်ခု စသည် ဖြင့်ရှိ၍ အခြားနေရာများ တွင် လည်း ရှိသေးသည် ။

ထိုအမျိုးအစားတို့ မှာ လည်း ပုဂံဒေသတွင် ခပ်များများ မရှိပါ။

## ဘုရားသုံးဆူ အမျိုးအစား

မုခ်တစ်ခုတည်း ရှေ့ကထားရှိပြီး ဂူသုံးခုကိုအတွင်းက တစ်ဆက်တည်း ဆက်ထား သလို အမျိုးအစားဖြစ်သော မင်းနန်သူဘုရားသုံးဆူကဲ့သို့ အမျိုးအစားမှာ လည်း သီးခြား ဖြစ်သည် ။

## နှစ်ထပ်ဘုရားများ

မူလကပင် စေတီပုထိုး နှစ်ထပ်တည်ထားသည် ။ အတွင်းစေတီတွင် အင်္ဂတေ ကျံခြင်း၊ အင်္ဂတေပန်းများ ဖော်ခြင်းပြုလုပ်ပြီးမှ အပြင်က တ စ် ထ ပ် မျို ၍ တည်ပြုန်သည် ။ အပြင်တစ်ထပ်မှ အုတ်များ ပြိုပျက်သွားသဖြင့် အတွင်းစေတီ ပေါ်နေသည့် နှစ်ထပ်ဘုရား များ ပုဂံဒေသတဝိုက် များ စွာတွေ့ရလေသည် ။ ဓမ္မရံကြီးလမ်းခွဲထိပ် အနီးတွင် ရှိသော ပေါ်တော်မူနဂါးရုံတံတိုင်းအနီး လမ်းဘေးကုန်းထိပ်မှ ပေါ်တော်မူနှင့် ဥပါလိသိမ်မြောက် မြစည်းခုံအနောက်မှ ၁၉၆၈ခု ပေါ်တော်မူတို့ သည် ဤအမျိုးအစားမှ အတွင်းစေတီတို့ ဖြစ်လေသည် ။ ပုဂံဒေသတဝိုက်တွင် ဤကဲ့သို့ အတွင်းတစ်ထပ်နှင့် စေတီပေါင်းများ စွာ ရှိ၍ အပြင်ထပ်ကို ဖောက်ထွင်းဖျက်ဆီး၍ လည်းကောင်း၊ အလိုလိုအပြင်ထပ်ပျက်၍ လည်းကောင်း အတွင်းစေတီ ပေါ်နေသည် များကို တွေ့ရသည် ။

## ဆင်းတုအုတ်တိုက်ရှည်များ

အထူးသဖြင့် လျောင်းတော်မူ ဆင်းတုကြီးများ ထားရန် အုတ်တိုက်ရှည် များ ဖြစ်၍ ရွှေဆံတော်အနီးတွင် ရှိသော လျောင်းတော်မူဆင်းတု အုတ်တိုက်ရှည်ကြီးကဲ့သို့သော အမျိုး

အစားဖြစ်သည် ။

## မဟာဗောဓိပုံဂူများ

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာရှိ မဟာဗောဓိပုထိုးကြီးသဏ္ဍာန် တည်ထားသော မဟာ ဗောဓိဂူကြီး အမျိုးအစားဖြစ်သည် ။ အောက်ပိုင်းမတူသော်လည်း အထက်ပိုင်းအထွတ် များ ၌ ထိုမဟာဗောဓိ ပုထိုးအထွတ်ပုံ အမျိုးအစားကို ပုဂံတဝိုက်တွင် တွေ့ရသေး၏ ။ ဥပမာ...သီရိပစ္စယာရွာတောင် ဂူပြောက်၊ အပယ်ရတနာ မြောက်နားရှိ ဂူငယ်နှင့် ဝတ်ကြီးအင်းဂူပြောက်ကြီးတို့မှာ ဤအမျိုးအစား ဖြစ်သည် ။

## ပနက်သဲဂူအမျိုးအစား

ရွှေစည်းခုံကုန်းတော်ရှိ ပနက်သဲဂူ အမျိုးအစားမှာ လည်း သီးခြား သတ်မှတ်သင့် သော အမျိုးအစားဖြစ်လေသည် ။ အဆောက်အအုံ အစောက်မြင့်မြင့် တည်ဆောက်၍ အပေါ်ထပ်တွင် ဘေးသို့ကားထွက်သော အခြေသိမ်သောတိုက်မှ အထက်သို့ အထွတ်တက် သွားသည် ။ ထူးခြားသောလက်ရာဖြစ်သည် ။

## အုတ်ခုံတစ်ခုတည်းပေါ် ဂူဘုရားတစ်ခုထက်ပို၍ တည်ထားသော အမျိုးအစား

အောက်ခံအုတ်ခုံကြီး တစ်ခုတည်းပေါ်တွင် ဂူဘုရား အလတ်စား၊ အငယ်စားသုံးခု ကို သီးခြားစီ၍ တည်ဆောက်ထားသော ပဲနံ့သာဂူစုကဲ့သို့ အမျိုးအစားမှာ လည်း အတွေ့ရ နည်းလေသည် ။ အောက်ခံအုတ်ခုံတွင် ပင် အတွင်းခန်းပါရှိသေးသည် ။

## စိုးမင်းကြီးဘုရားကဲ့သို့ အမျိုးအစား

ပစ္စယာအဆင့်ဆင့် အောက်ကခံပြီး အပေါ်က စေတီကြီးပေါက်ထားသော စိုးမင်းကြီးဘုရားကဲ့သို့ အမျိုးအစားမျိုးမှာ ပုဂံဒေသတွင် ဤတစ်ဆူတည်းသာ ရှိ၏ ။ ပစ္စယာဆင့် ဘောင်တန်းများ၌ ပန်းနွယ်အခွေများ အကြား နတ်လူစသောပုံများ ၊ ကုန်း သတ္တဝါ၊ ရေသတ္တဝါတို့ ၏ ပုံများ ညှပ်၍ အလွန်လှပစွာပြုလုပ်ထားသော စဥ့်သုတ်ပုံချပ် ရှည်များ ဖြင့် တစ်လျှောက်လုံး ပတ်လည်အဆင့်ဆင့် စီကပ်ထားသည် မှာ ထူးခြားလှသော အမျိုးအစားဖြစ်သည် ။

## အုတ်ကျောင်း (ဝိဟာရ) ကြီးများ

ရဟန်းတော်များ နေရန် အုတ်တိုက်ကျောင်းကြီး အမျိုးအစားတို့ မှာလည်း အမျိုးမျိုး ရှိသည် ။ အကြမ်းဖျင်းအားဖြင့် အောက်ပါအတိုင်းဖြစ်လေသည် ။

(က)အတွင်းလေးထောင့် အုတ်တိုက်ဆောင်ကြီးနှစ်ထပ်နှင့် ရှေ့ဘက် တွင် သစ်သား ဆောင်ထုတ်ထားသည် ။ အမိုးအရာများ ကျန်ရှိသည် ။ ထိုရှေ့ဆောင်တွင် အောက်ကကျောက်ပြားများ ဘောင်အနားသတ်ခင်း၍ ကျောက်လှေကားများ လက်ရုံးနှင့်တကွ ပြုလုပ်ထားသည် ။ မင်းနန်သူ လေးမျက်နှာတံတိုင်းအတွင်းနှင့် မင်းနန်သူရွာတဝိုက်တွင် များ စွာရှိသည် ။ ဖွားစောဆုတောင်းပြည့် တံတိုင်းအတွင်း နှင့် ပတ်ဝန်းကျင်တွင် လည်းကောင်း၊ ဝက်ကြီးအင်းရွာတဝိုက်၊ ရွှေစည်းခုံ တဝိုက်၊ ထီးလိုမင်းလိုတဝိုက်၊ တောင်ဘီရွာတဝိုက်၊ မင်္ဂလာစေတီတဝိုက်၊ မြင်းကပါရွာတဝိုက် စသည်တို့ တွင် လည်းကောင်း ပုဂံဒေသတနယ်လုံး၌ လိုလို ပင် ဤသို့လေးထောင့် အုတ်တိုက်ကျောင်းများ ရှိ၍ အရွယ်မှာ လည်း အစားစား ဖြစ်သည် ။

(ခ)အုတ်ပြာသဒ်ပုံဖြစ်နေသော အပေါ်အလည်ဆောင်နှင့် ဘေးထောင့်လေးခုမှ ထွက်နေသော အဆောင်ငယ်များ ပါဝင်သည် ။ နှစ်ထပ်ကျောင်းကြီးများ အမျိုး အစားဖြစ်သည် ။ ၄င်းအမျိုးအစားမှာ ရွှေစည်းခုံအနီးတွင် လည်းကောင်း၊ ဥပါလိ သိမ်အနောက်ဘက်၊ မင်းနန်သူဆင်ဖြူရှင်အစု၊ မင်းဝိုင်းအစုတို့ တွင် လည်း ကောင်း၊ တုရင်ပုထိုး အစုတို့ တွင် လည်းကောင်း ရှိလေသည် ။ အခြားနေရာ များ တွင် လည်း ရှိလေသည် ။ သို့သော် အထက်ဖော်ပြပါ လေးထောင့်တိုက် အမျိုးအစားလောက် အရေအတွက် မများ လှပါ။

(ဂ)အတွင်းတွင် ခန်းမကြီးနှင့် ဘေးအခန်းငယ်များ ပါရှိသော အုတ်တိုက်ကျောင်း ကြီးများ အမျိုးအစားလည်း ရှိသည် ။ ဥပါလိသိမ်အနီး အုတ်ကျောင်း၊ စိုးမင်းကြီး အုတ်ကျောင်း၊ တာမဏိအစုအုတ်ကျောင်းကြီးများ ၊ မြင်းကပါဂူပြောက်ငယ် အနောက်ဘက်ကျောင်းကြီး စသောကျောင်းတို့ မှာ ဤအမျိုးအစားတွင် ပါဝင် ကြလေသည် ။ မူလက ၄င်းကျောင်းကြီးများမှာ အနည်းဆုံး နှစ်ထပ်တိုက်ကြီး များ ဖြစ်လေသည် ။ စာသင်တိုက်ကြီးများ ဖြစ်ဟန်ရှိသော အမျိုးအစား ပင်တည်း။

(ဃ )စူ ဠာ မ ဏိ ကျော င်း ပျ က် ကြီး ၌ အလယ်ကကျောင်းမနှင့် အရန်အဖြစ် လေးထောင့် မဟာရံတံတိုင်း အတွင်းဖက်တွင် အခန်းငယ်များ များ စွာပြုလုပ်ထားသော ကျောင်းအမျိုးအစားကိုလည်း တွေ့ရပေသေးသည် ။

ပုဂံဒေသတဝိုက်ရှိ ရှေးဟောင်းစေတီပုထိုး ဂူကျောင်းတို့ ၏ ပုံ သ ဏ္ဍာ ၁ န် မှာ အထက် ဖော်ပြခဲ့သည့်အတိုင်း တစ်ခုနှင့်တစ်ခု ထပ်တူထပ်မျှ တူသည် ဟူ၍ ဆိုနိုင်လောက်သည့် အဆောက်အအုံများ

နည်းပါး၍ တည်ဆောက်သောဗိသုကာဆရာ စသည် တို့ ၏ စိတ်ကူး တွင် လည်းကောင်း၊ တည်ဆောက်မှုပစ္စည်း စသည် တို့ တွင် လိုက်၍ လည်းကောင်း များ စွာ အခြေတည်လျက်ရှိသည် ကို တွေ့မြင်ရပေလိမ့်မည်။

အထက်တွင် ပုဂံရှိအဆောက်အအုံတို့ ၏ ပုံသဏ္ဌာန်အမျိုးမျိုးအစားစား ရှိသည် တို့ ကို ဖော်ပြခဲ့ပြီး ဖြစ်ပေသည် ။ အထက်တွင် မဖော်ပြခဲ့ဘဲ ကြွင်းကျန်သည် တို့ လည်း အများ ပင် ရှိပေလိမ့်မည်။ ဥပမာ...မီးမလောင်ကျောင်းဘုရားမှာ လှေကားနှင့် အုတ်ခုံကြီးအပေါ် အလယ်တွင် ဆင်းတုထားရာ တိုက်ငယ်ရှိသဖြင့် သီးခြားပုံသဏ္ဌာန် ဖြစ်နေပေသည် ။ ထိုမီးမလောင် ကျောင်း၏ အနောက်ဘက်ကပ်နေသော ဂူငယ်မှာ လည်း ဆင်းတုတိုက်နှင့် အပေါ်စေတီ ပေါက်ဖြစ်သည် ။ အပေါ်စေတီမှာ မပြုပြင်ခင်က ပြိုပျက်နေသော အပြင်ထပ် တထပ် ရှိသေးသည် ။ ၎င်းအတွင်းဆင်းတုမှာ လည်း နှစ်ထပ်ဆင်းတု ဖြစ်နေလေသည် ။ ဤသို့သော အမျိုးအစားမှာ လည်း သီးခြားပုံသဏ္ဌာန်ပင် ဖြစ်လေသည် ။

တောင်ဘီလူးရွာတောင်ဘက် အုတ်ကျောင်း၊ အာနန္ဒာအုတ်ကျောင်း တိုက်အတွင်း ဥတ္တနရာဇာအုတ်ကျောင်း၊ ဥပါလိသိမ်စသော ကုန်းဘောင်ခေတ် အဆောက်အအုံတို့ မှာ လည်း တစ်ခုစီတစ်ခုစီ သီးခြားပုံသဏ္ဌာန်ပင် ဖြစ်လေသည် ။

ထို့ကြောင့် ပုဂံဒေသရှိ ရှေးဟောင်းစေတီပုထိုး စသည် တို့ ၏ ပုံ သ ဏ္ဌာ ၁ န် မှာ အလွန် များ ပြားလှသည် နှင့်အမျ ထူးထူးခြားခြားဖြစ်သော စေတီပုထိုးတည်ထားသည့် ခေတ်အခါ

ကာလ၏ အမှတ်အသား ယဉ်ကျေးမှုမှတ်တိုင်များ လည်း ဖြစ်ပေသည် ။

* * *

## ၈။အဆင်တန်ဆာ လက်ရာဖြစ်သော အလုပ်အဆောင်များ

အဆောက်အအုံကို အမျိုးမျိုးသော ဗိသုကာလက်ရာတို့ ဖြင့် တည်ဆောက်ပြီးနောက် လှပစေရန် တင့်တယ်စေရန် အဆင်တန်ဆာများ ပြုလုပ်ကပ်ထားခြင်း၊ တပ်ဆင်ခြင်း၊ ချယ်လှယ်ခြင်းများ ပြုလုပ်ထားခဲ့ကြရာ အောက်ပါလက်ရာများကို ရှေးဟောင်းစေတီပုထိုး ဂူကျောင်းများ တွင် အနည်းနှင့်အများ ပါဝင်ကြောင်း တွေ့ရပေလိမ့်မည်။

(၁)အင်္ဂတေပန်းစသော လက်ရာများ

(၂)၅၅၀ ဇာတ်ချပ်များ နှင့် အခြားရုပ်ချပ်များ

(၃)စဥ့်သုတ်ရုပ်ချပ်များ စဥ့်ကွက်စဥ့်ကြာပွင့်များ ၊ စဥ့်ပန်းများ

(၄)နံရံရေး ဆေးရောင်စုံပန်းချီပုံများ နှင့် ကမ္ပည်းစာများ

(၅)သစ်သားတံကဲများ

(၆)ရုပ်ထုဆင်းတုများ

အထက်ပါလက်ရာ အလုပ်အဆောင်များမှာ ပုဂံခေတ်ကာလတွင် ထွန်းကားခဲ့ပြီး နောက် နောက်ပိုင်းခေတ်များ ဖြစ်သော ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ ကုန်းဘောင်ခေတ်များ တွင် ဆုတ်ယုတ်သွားခဲ့လေသည် ။ ထိုပုဂံခေတ် လက်ရာဖြစ်သော အထက်ပါအလုပ်အဆောင် များမှာ မြန်မာ့ယဥ်ကျေးမှု အနုပညာဆိုင်ရာ စေတီပုထိုးဂူကျောင်း တန်ဆာဆင်မှုတွင်

အဓိကအကျဆုံးသော လက်ရာများ ဖြစ်ပေသည် ။

* * *